# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၂) ရက် ၊ စနေနေ့ ၊ (8-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၇**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့်ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီးရှိ ကျင်းပပြုလုပ်ရာ

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞





ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

**ရတနာပုံ ခန်းမ**

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၈ ရက်
အယ်ဒီတာ့အာဘော်

# ရဲဘော်စိတ်ဖြင့် အနာဂတ်ခရီးကို အောင်မြင်စွာလျှောက်လှမ်း

နိုင်ငံတစ်နိုင်ငံ ရှင်သန်ရပ်တည်ရေးအတွက် ကာကွယ်ရေးအင်အားသည် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် အမြဲတမ်းတပ်မတော်များကို ခိုင်မာစွာတည်ဆောက်ကြခြင်းဖြစ်သည်။ လက်ရှိ ကမ္ဘာ့အခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးကို တပ်မတော်တစ်ရပ်တည်းရှိနေရုံဖြင့် မလုံလောက်တော့သည့်အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို နိုင်ငံသားများပါ ပေါင်းစည်း၍ ဘက်ပေါင်းစုံက ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် ခိုင်မာတောင့်တင်းသောကာကွယ်ရေးစွမ်းအားရှိစေရန် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပြည်သူ့စစ်မှုထမ်းစနစ်ကို မိမိတို့နိုင်ငံနှင့်ကိုက်ညီအောင် ကျင့်သုံးဖော်ဆောင်ကြလျက်ရှိသည်။ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ်တွင် ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ထုတ်ပြန်အာဏာတည်ကျင့်သုံးလျက်ရှိသည်။ ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်(၂)အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပေသည်။

ပြည်သူများ စစ်ပညာသင်ကြားရေးနှင့် စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၇၄)၏ ပုဒ်မ ၁၇၁ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ စစ်ပညာသင်ကြားရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်ဟု ပြဋ္ဌာန်းထားဖူးသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ ပုဒ်မ ၃၈၆ တွင်လည်း နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံသားများသည် နိုင်ငံတော်၏ဥပဒေကိုလိုက်နာကြရမည်ဖြစ်သည့်အတွက် သတ်မှတ်ချက်နှင့်အညီ စစ်မှုထမ်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာလည်း သေနတ်ကိုင်၍ စစ်တိုက်ရခြင်းတစ်ခုတည်းရှိခြင်းမဟုတ်ပါ။ တိုးတက်ပြောင်းလဲခေတ်မီလာသောခေတ်နှင့်အညီ စစ်ဘက်ဆိုင်ရာနည်းပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ စက်မှုပိုင်းပညာရှင်များ၊ ဆရာဝန်များ စသည်ဖြင့် ကျွမ်းကျင်ရာအလိုက် ကဏ္ဍစုံတာဝန်ထမ်းဆောင်နိုင်သည်ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်အဖြစ် စစ်မှုထမ်းဆောင်ကြရာတွင် နိုင်ငံသားတိုင်း ဝါသနာပါရုံ၊ ဆန္ဒရှိရုံဖြင့် စစ်မှုထမ်းခွင့်မရှိပါ။ စစ်မှုထမ်းနိုင်မည့်အသက်အရွယ်၊ အလုပ်အကိုင်၊ အိမ်ထောင်ရှိ၊ မရှိ၊ ပညာရေး၊ ကျန်းမာရေး စသည့်သတ်မှတ်ချက်၊ ကန့်သတ်ချက်များထဲမှ အကျုံးဝင်ညီညွတ်သူသာလျှင် စစ်မှုထမ်းခွင့်ရှိပါသည်။ ပြည်သူ့စစ်မှုထမ်းခြင်းကြောင့်ရရှိလာမည့် ကောင်းကျိုးများမှာလည်း ကြီးမားလှပါသည်။ စစ်မှုထမ်းခြင်းကြောင့် နိုင်ငံ့တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ် ဘဝတွင် ဂုဏ်ယူစွာရပ်တည်နိုင်မည်ဖြစ်သည်။ စစ်မှုထမ်းခြင်းကြောင့်လည်း တပ်မတော်အပေါ် စာနာနားလည်သွားပြီး ခေါင်းဆောင်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စနစ်ကျစွာစီမံခန့်ခွဲတတ်မှု၊ စည်းကမ်းလိုက်နာမှု စသည့်ကိုယ်ရည်ကိုယ်သွေးများပြည့်စုံလာမည်ဖြစ်သည်။ ထို့ပြင် အများနှင့်အတူ စစ်မှုထမ်းခြင်းဖြင့် ရဲဘော်စိတ်ပါ သန္ဓေတည်ပေါက်ဖွားသွားသူများဖြစ်လာခြင်းကြောင့် အနာဂတ်ဘဝခရီးတွင် မည်သို့သောအခက်အခဲကြုံစေကာမူ ရဲဘော်စိတ်နှင့်အညီရင်ဆိုင်ဖြေရှင်းနိုင်မှုကြောင့် အောင်မြင်သောဘဝကို လျှောက်လှမ်းသွားနိုင်မည်ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ညွှန်းရေးသားလိုက်ရပါသည်။

# ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ မေလအတွင်း ကုန်စည်တင်ပို့သည့်ရေယာဉ် ၈၃ စီးထိရှိခဲ့



**မန္တလေး ဇွန် ၇**

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ မေလအတွင်း ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၈၃ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခု ဧရာဝတီမြစ်ရေများချိန်ကာလဖြစ်သောကြောင့် ရေလမ်းကြောင်းကောင်းမွန်လျက်ရှိကြောင်း၊ ထိုသို့ ရေလမ်းကြောင်းကောင်းမွန်သည့်အပြင် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ဆား၊ ကျောက်မီးသွေး၊ သကြား စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲနေတဲ့ ရေယာဉ်တွေအနေနဲ့ ကုန်တင်ချိန်အများကြီး တင်ဆောင်သွားလာတာမျိုး မလုပ်ကြဖို့လိုပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ မေလအတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ကျောက်မီးသွေး တန်ချိန် ၇၉၀၊ ဆားအိတ်ရေ ၁၁၈၀၇ အိတ်၊ တင်လဲရည် ၃၉၁၃ ဒသမ ၂၉၈ တန်၊ သကြား ၁၉၄၆ ဒသမ ၉ တန်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်၍ ရေလမ်းကြောင်းကောင်းမွန်နေသော်လည်း မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင်စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၇**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်အေးနေသော်လည်း ရပ်ဆိုင်းသွားခြင်းမျိုးမရှိဘဲ ငွေကျပ် သိန်း ၁၀၀၀ အောက် အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်နေပြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့အတွင်းရှိ အကွက်ရိုက်မြေကွက်များ အရောင်းအဝယ်ရှိနေကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်ခြံမြေအရောင်းအဝယ်များကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လာကြပြီး ရောင်းချလိုသူများကြား အနိမ့်ဈေးတန်းဖြင့် အရောင်းအဝယ်ရှိနေသေးကြောင်း၊ ယခုအခါ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် သိန်း ရာဂဏန်းပိုင်းသာရှိသည့်မြေကွက်များကို အမှန်တကယ်နေထိုင်မည့်သူများ ဝယ်ယူမှုရှိနေသေးပြီး မြို့တွင်းပိုင်းနှင့် စက်မှုမြို့သစ်များဘက်တွင် လမ်းအတွင်းပိုင်းမြေကွက်များ ရောင်းချလိုမှုမြင့်တက်နေကြောင်း သိရသည်။

"အရောင်းအဝယ်ကတော့ အေးနေတုန်းပဲ။ မြို့တွင်းပိုင်းကတော့ အရောင်းအဝယ် မရှိသလောက်ပဲ။ အဲဒီလိုဖြစ်နေပေမဲ့ ငွေကျပ် သိန်း ၁၀၀၀ အောက် မြေကွက်တွေ အရောင်းအဝယ်နည်းနည်းတော့ ရှိနေသေးတာကို တွေ့ရတယ်။ ပြီးတော့ အကွက်ရိုက်ရောင်းတဲ့ မြေကွက်တွေကတော့ အရောင်းအဝယ်ရှိနေဆဲပဲပေါ့"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၅၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၃၅၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၁၀၀၀ မှ သိန်း ၃၀၀၀ ခန့်၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အဓိကမိန်းလမ်းမကြီးများနှင့် အနီးဝန်းကျင်ရှိမြေကွက်များမှာ အနည်းဆုံး ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ နှင့်အထက် ပေါက်ဈေးရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)မှထွက်ရှိသည့် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၇**

မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)မှ ထွက်ရှိသည့် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်တွင် ဇွန်လပထမပတ်အတွင်း ပန်ဆိုင်း(ကြူကုတ်)မှထွက်ရှိသည့် ကြက်သွန်ဖြူများကို ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ ပြည်ပကလည်း ကြက်သွန်ဖြူများကို အဝယ်များလာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ပန်ဆိုင်း(ကြူကုတ်)က ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်က ပြန်လည်ကောင်းမွန်လာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)မှ ထွက်ရှိသည့် ကြက်သွန်ဖြူဈေးနှုန်းများမှာ ဇွန် ၆ ရက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့်ထိရှိကြောင်း သိရသည်။

"အခုလတ်တလော ပန်ဆိုင်း(ကြူကုတ်)ကနေ မန္တလေးကိုတင်ပို့တဲ့ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီး တင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်နည်းနေတော့ ဈေးကွက်ထဲ အရောင်းအဝယ် ပြန်ကောင်းလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရွှေကျင် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်ဘက်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့်အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နေ ဒေါ်ငွေငွေဝင်း မိသားစုက ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၂၈၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၂၈၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၀၄၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၂၈၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် ဝါကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ချောင်းဦးမြို့နယ်မှာ ဝါစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ဒီနှစ်ဆိုရင်လဲ ဝါတိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အထွက်နှုန်းကောင်းပြီး သက်တမ်းတိုသည့် စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ အချိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ချည်မျှင်ရှည်ဝါမျိုးစေ့များကို ကျေးရွာများထိသွားရောက်၍ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးသည့်မျိုးများမှာ ဝါကြီး၊ မလှိုင်ဝါ၊ ချည်မျှင်ရှည်ဝါ၊ ရွှေတောင်(၈)မျိုး၊ ရွှေတောင်(၁၀)မျိုး၊ ငွေချည်ပိုးမျိုးတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရေပေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရေပေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေပေါ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၄၂၇ ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၈၁ ခု ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၇**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၄၂၇ ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၈၁ ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူများအားလုံး ဘေးကင်းသောသောက်သုံးရေများ ရရှိသုံးစွဲနိုင်ရန်အတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မူလခွင့်ပြုရန်ပုံငွေ၊ မွမ်းမံရန်ပုံငွေ၊ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေ၊ ယူနီဆက်ပူးပေါင်းနှင့် အပူပိုင်းဇုန် ရေရရှိရေးစီမံကိန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၂၀၂ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၃၀၂ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း သောက်သုံးရေရရှိရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်းစသည်တို့ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးရွာ ၄၂၇ ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၈၁ ခု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိတွင် တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ SKL



# အထိုင်များခြင်းကြောင့် ဖြစ်တတ်သောရောဂါများ

ကြည်လွင်မြင့်(မုံရွာ)

အထိုင်များခြင်းကြောင့် တစ်နေ့တွင် ရောဂါ၊ ဝေဒနာတစ်ခုခုရလာလိမ့်မည်ဟု မည်သူမျှမထင်ကြပေ။ အမှန်တော့ အထိုင်များခြင်းကြောင့် ကြာလာလျှင် ဖြစ်လာနိုင်သည့်ရောဂါများစွာရှိသည်။ ယနေ့ခေတ်တွင် လူငယ်လူကြီးမရွေး အညောင်းထိုင်ရောဂါများဖြစ်လာသည်ကိုတွေ့ရသည်။ ရှေးကကဲ့သို့စာကြည့်များခြင်းကြောင့်မဟုတ် ကွန်ပျူတာကြည့်ခြင်း၊ ဖုန်းကြည့်ခြင်း၊ ဖုန်းကိုအသုံးပြု၍ ဂိမ်းကစားခြင်း၊ အွန်လိုင်းသင်တန်းတက်ခြင်း စသည်များကြောင့် နာရီနှင့်ချီ၍ အထိုင်များကြသည်။ အထိုင်များခြင်းကြောင့်လည်း အကြောအဆစ်များ အညောင်းမိပြီး နောက်ဆက်တွဲရောဂါများ ဝင်လာနိုင်သည်။

အထိုင်များ၍ ဖြစ်လေ့ရှိသောရောဂါများမှာ ဆီးရောဂါ၊ ခါးနာရောဂါနှင့် ဝမ်းချုပ်ရောဂါတို့ဖြစ်သည်။ အသက်ကြီးသူများမှာ ခြေထောက်အောက်ပိုင်းသွေးကျ၍ရောင်သောရောဂါလည်းဖြစ်နိုင်သည်။

ဗုဒ္ဓစာပေများတွင် ဣရိယာပုထ် လေးပါးဟုပြဆိုထားရာ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း၊ သွားခြင်းဟူသော ပြမူဖွယ်အနေအထားလေးမျိုးရှိသည်။ ရဟန်းများသာမက လူမှန်သမျှ ဤလေးပါးညီညွတ်အောင်နေထိုင်မှ ကျန်းမာရေးနှင့်ညီညွတ်မည်ဖြစ်သည်။ အမြဲတမ်းထိုင်နေ၍လည်းမဖြစ်၊ ရပ်နေ၍လည်းမဖြစ်၊ အိပ်နေ၍လည်း(လဲလျောင်းနေ၍လည်း)မဖြစ်၊ လမ်းချည်းပဲလျှောက်နေ၍လည်း မဖြစ်ပေ။


**လမ်းလျှောက်ခြင်းအကျိုး**

ကျန်းမာရေးပညာပေးသူများက လမ်းများများလျှောက်ပေးရန် ပြောကြသည်။ မှန်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်ရှိအကြောအခြင်များပြေလျော့ပြီး ကြွက်သားများကို သွေးထောက်ပံ့မှုအားကောင်းစေသည်။ မတ်တတ်ရပ်ပြီး လမ်းလျှောက်သောအခါ နှလုံးမှပေးပို့သောသွေးသည် မြေကြီးဆွဲအားဖြင့် စီးဆင်းမှုကောင်းသဖြင့် ခန္ဓာကိုယ်အစွန်အဖျား အနိမ့်ဆုံးခြေဖျားထိ ရောက်နိုင်သည်။ ခွေခေါက်ထိုင်နေစဉ်က သွေးကောင်းစွာမရောက်သော နေရာများသို့ သွေးကောင်းစွာ ရောက်စေနိုင်သည်။ သို့သော် အလွန်အကျွံ လမ်းလျှောက်များလျှင်လည်း ခန္ဓာကိုယ်ကို ထမ်းထားပင့်ထားရသည့် ကြွက်သားများ၊ ခြေဖနောင့်၊ ဒူးဆစ်၊ တင်ပါးဆုံနှင့် ခါးဆစ်များသည် နာကျင်ပြီး ဒဏ်ဖြစ်သွားနိုင်သည်ကို သတိပြုသင့်သည်။ မည်သည့်အရာမဆို တန်ဆေးလွန်ဘေးဖြစ်သည်။ သုတေသနပြုသူများ၏ အဆိုအရ တစ်နေ့လျှင် ခြေလှမ်းတစ်သောင်း သို့မဟုတ် နှစ်မိုင်ခွဲထက်ပို၍ လမ်းမလျှောက်သင့်ပေ။ ထို့နည်းအတူ အထိုင်များသူများမှာ ထိုင်ချိန် တစ်နာရီပြည့်တိုင်း မတ်တတ်ရပ်ပေးခြင်း၊ လမ်းအနည်းငယ်လျှောက်ပြီး ခါးဆန့်ပေးခြင်း၊ စာကြည့်သူ၊ ကွန်ပျူတာကြည့်သူများမှာ မျက်စိအညောင်းမမိစေရန် အဝေးသို့ ကြည့်ပေးခြင်းများပါ ပြုလုပ်သင့်သည်။ အလုပ်ဆင်းချိန်၊ အားလပ်ချိန်များတွင် လမ်းလျှောက်ပေးခြင်းများ ပြုလုပ်ပေးသင့်သည်။

**အထိုင်များခြင်းနှင့် ဆီးရောဂါ**

အထိုင်များသည့် အလုပ်လုပ်သူများတွင် နှစ်ကြာသောအခါ ဖြစ်နိုင်ခြေရှိသော ရောဂါများစွာရှိသည်။ ထိုအထဲမှ အဖြစ်များသော ရောဂါတစ်ခုမှာ ဆီးရောဂါဖြစ်သည်။ ဆီးရောဂါသည် ဆီးပူ၊ ဆီးအောင့်သည့်မှ စတင်ကာ ဆီးကျောက်တည်ခြင်းနှင့်နောက်ဆက်တွဲတွင် ကျောက်ကပ်ရောဂါထိဖြစ်နိုင်သည်။

တစ်လောက ဆီးသွားနည်းပြီး ခါးအောက်ပိုင်း ခြေနှစ်ဖက်ကိုက်ခဲနေသော လူနာတစ်ဦးလာပြရာ ခြေခုံနှစ်ဖက်တွင် ရောင်ပြီးဖောင်နေသည်ကို တွေ့ရသည်။ ခြေထောက်ဖောရောင်ခြင်းသည် ကျောက်ကပ်ပြဿနာကြောင့် ဖြစ်နိုင်သည်။ ကျောက်ကပ်မှပိုလျှံသောအရည်များကို ဆီးအဖြစ်မစွန့်ထုတ်လျှင် ခန္ဓာကိုယ်တွင် ဖောရောင်လာတတ်သည်။ အထူးသဖြင့် ခြေခုံနှစ်ဖက်တွင် စ၍ဖောရောင်လေ့ရှိသည်။ ဖောရောင်သူ၏ ခြေသလုံး၊ ညို့သကျည်းဘေးတွင် နှိပ်ကြည့်လျှင် ချက်ကျန်ခဲ့သည်။ ခဏကြာမှ ပြန်ဖောင်းလာသည်ကို တွေ့ရလေ့ရှိသည်။ ခြေနှစ်ဖက်ကိုက်ခဲ၍ ခြေခုံတွင်ရောင်နေသူမှာ အတန်အသင့်ဝသော အမျိုးသမီးတစ်ဦးဖြစ်သည်။ အသက် ၃၅ နှစ်ဝန်းကျင်သာရှိသေးသည်။ သူ့အလုပ်မှာ အရောင်းအဝယ်လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး တစ်နေကုန် ရောင်းချသည့် စာရင်းများသည် နောက်တစ်ရက်ကူး၍ မဖြစ်သဖြင့် ည ၁၂ နာရီထိ စာရင်းဇယားများနှင့် ဘောက်ချာများစစ်ဆေးရသည်ဟုဆိုသည်။ စာရင်းဇယားပြုလုပ်သူ၏ နေထိုင်ပုံအနေအထားကို မေးမြန်းကြည့်သော



အခါ မိမိအိမ်တွင် လွတ်လပ်စွာနေထိုင်သည့်အနေအထားဖြင့် ထမင်းစားပွဲဝိုင်းတွင် စာအုပ်များတင်ပြီး ကြမ်းပြင်တွင်ထိုင်ကာ အလုပ်လုပ်သည့်အနေအထားဖြစ်သည်ကိုတွေ့ရသည်။ စာရေးစားပွဲနှင့် ကုလားထိုင်အသုံးမပြုဘဲ ကြမ်းပြင်တွင် တင်ပျဉ်ခွေပြီး ကြာရှည်ညဉ့်နက်သည်ထိထိုင်ခြင်းမှာ မသင့်လျော်ပေ။ ထိုသူ၏ အမှားမှာ ညစာထမင်းစားပြီး ထိုင်အလုပ်လုပ်သဖြင့် စားထားသောအစာများသည် အစာအိမ်၏ အူသိမ်ဦးပိုင်းတွင် ပိတ်နိုင်သည်။ ဝမ်းဗိုက်ကို ခေါက်ထိုင်ထားသဖြင့် အစာမကြေဖြစ်နိုင်သည်။ ဝမ်းဗိုက်တင်းနေချိန်တွင် ခါးကြောများပါတင်းနေသဖြင့် ခေါက်ထိုင်ခြင်း၊ တင်ပျဉ်ခွေထိုင်ခြင်းကြောင့် ကျောက်ကပ်တွင် အပူခဲခြင်းဖြစ်တတ်သည်။ တစ်ရက်၊ နှစ်ရက်နှင့် ကိစ္စမရှိသော်လည်း ရက်မှလထိ ကြာရှည်အလုပ်လုပ်သောအခါ ကျောက်ကပ်နှင့် ခါးကြောများမှာ ထိခိုက်လာနိုင်ပေသည်။

ထိုသူမှာ ပထမပိုင်းတွင် ဆီးအောင့်သလို ဆီးပူသလိုဖြစ်လာရာမှ နောက်ပိုင်းတွင် ခါးတောင့်ခြင်း၊ ခါးနာခြင်း၊ ဆီးသွားနည်းခြင်း၊ ဆီးတွင် အနည်အနစ်ပါခြင်းများဖြစ်လာပြီးနောက် ခြေထောက်အောက်ပိုင်းများတွင် သွေးလေမလျှောက်သကဲ့သို့ ဖောင်းပြီးရောင်တင်းခြင်းဖြစ်လာနိုင်သည်။

အထိုင်များသည့် အလုပ်လုပ်သူများ သတိထားရန်မှာ မည်သည့်အလုပ်ကိုမဆို နှစ်နာရီထက်ပို၍ ထိုင်ခြင်းသည် မကောင်းပေ။ လူကြီးများတွင်ပင် အစည်းအဝေးရောဂါဟုခေါ်သော ဆီးအောင့်၊ ခါးကိုက် ရောဂါရနိုင်သဖြင့် အစည်းအဝေးပြုလုပ်ချိန်တွင် နှစ်နာရီထက်ပိုလုပ်လျှင် ကျောက်ကပ်ရောဂါရနိုင်သည်။ ထိုင်သည့်အနေအထားမှာ ကုလားထိုင်တွင် တွဲလဲချထားပြီး ခါးကိုတတ်နိုင်သမျှ မတ်မတ်ထားထိုင်သည့် အနေအထားဖြစ်ရမည်။ ခါးကိုကုန်းပြီး တစ်ခြမ်းစောင်းထိုင်ခြင်းသည် အနေအထားမမှန်ပေ။ ကြာလျှင် ခါးစောင်းပြီး ခါးအာရုံကြောညပ်သည့်ရောဂါရနိုင်သည်။ ကွေးထိုင်ချိန်ကြာလာလျှင် ကျောက်ကပ်ကိုလည်း အပူခိုစေနိုင်သည်။ ကျောက်ကပ်ရောဂါရသူများ၏ နောက်ဆက်တွဲရောဂါမှာ သွေးတိုးရောဂါဟုဆိုနိုင်သည်။ ကျောက်ကပ်မှရေများကို မတွန်းထုတ်သဖြင့် သွေးကြောများအတွင်း ရေဓာတ်များပြီး ဖိအားတိုးကာ သွေးတိုးလာရခြင်းဖြစ်သည်။ တိုင်းရင်းဆေးပညာတွင် "အာပေါအာဝန္တန" သွေးတိုးရောဂါဟုဆိုသည်။ (အာပေါအာဝန္တန- ရေဓာတ်ပိတ်ဆို့ခြင်းကြောင့်ဖြစ်သော ရောဂါဖြစ်သည်။ ထွက်ပေါက်မရှိခြင်း၊ တဝဲလည်လည်ဖြစ်နေခြင်း၊ သွေးကြောများအတွင်းရှိ ရေများသည် ဆီးအဖြစ်ကျောက်ကပ်မှ မစွန့်ပစ်ခြင်းတို့ကြောင့် နှလုံးသွေးကြောများထိ ရောက်သွားပြီး သွေးဖိအားတက်လာခြင်းဖြစ်သည်။) အထိုင်များခြင်းကြောင့် ဆီးရောဂါ၊ ကိုယ်ရောင်ရောဂါ၊ သွေးတိုးရောဂါများဖြစ်နိုင်သဖြင့် ခါးမတ်သောထိုင်ခုံဖြင့် ထိုင်ခြင်း၊ ထိုင်ချိန်ကို နှစ်နာရီထက်မပိုခြင်း၊ ပိုလျှင်လည်း နာရီဝက်ခန့် နားချိန်ပေးပြီး ခါးဆန့်လမ်းလျှောက်ပေးခြင်းများပြုလုပ်သင့်သည်။

**အထိုင်များခြင်းကြောင့်ဖြစ်သော ခါးနာရောဂါ**

ခါးနာရောဂါဟူသည် ဒဏ်ကြောင့် ခေတ္တခဏဖြစ်သော ခါးနာရောဂါနှင့် ခါးကြောအတွင်း အပူခဲခြင်းကြောင့်ဖြစ်သော နှစ်ကြာခါးနာရောဂါဟူ၍ နှစ်မျိုးရှိသည်။ ခေတ်မီဓာတ်မှန်များ ပေါ်ပေါက်လာသောအခါ ခါးရိုးဆစ်များတွင် ကျီးပေါင်းတက်ခြင်းကို တွေ့လာရသဖြင့် ကျီးပေါင်းတက်ခါးနာဟူ၍လည်း နောက်တစ်မျိုးတိုး၍ မှတ်သားရန်လိုသည်။ အထိုင်များသူတို့တွင် ခါးကျီးပေါင်းတက်ရောဂါဖြစ်သည်ကို တွေ့ရသည်။

ကျီးပေါင်းတက်ခြင်းကြောင့်ဖြစ်သော ခါးနာသည်လည်း အရိုးပွရာမှတစ်ဆင့် အသက်ကြီးလာသောအခါ သစ်ပင်အပွေးတက်လာသကဲ့သို့ အရိုးအဆစ်များထူပြီး ပုံသဏ္ဌာန်မမှန်ရာမှစသည့် အဆစ်များ ခိုင်မာတောင့်တင်းပြီး အဆစ်များကြားတွင် အပူခဲရာမှ စတင်ဖြစ်သော ခါးနာမျိုးဖြစ်ပြီး ကြာလေရောဂါရင့်လေဖြစ်သော နာတာရှည်ခါးနာမျိုးပင်ဖြစ်သည်။ ခါးနာသူများကိုကြည့်လျှင် အထိုင်များသောအလုပ်ကို နှစ်ရှည်လုပ်ခဲ့သူများဖြစ်သည်ကို တွေ့ရသည်။ များသောအားဖြင့် စာရေးစာချီများ၊ ရုံးဝန်ထမ်းများနှင့် စာရင်းဇယားနှင့်ဆိုင်သောအလုပ်လုပ်ကိုင်ရသူများတွင် တစ်ကြိမ်လျှင် နှစ်နာရီထက်ပိုပြီး ထိုင်ကြသူများဖြစ်သည်။ တစ်နေ့လျှင် ထိုင်ချိန်နှစ်နာရီထက်ပိုကြာသူများမှာ ခါးနာရောဂါ စွဲနေသည်ကို တွေ့ရသည်။ အချို့သော ခါးနာဝေဒနာရှင်များကို မေးမြန်းကြည့်လျှင် တစ်နေကုန်ထိုင်နေပြီး တစ်ကြိမ်၊ နှစ်ကြိမ်ပင်ထ၍ ဆီးမသွားဘဲ အောင့်ထားပြီး နေတတ်သူများဖြစ်သည်ကို တွေ့ရသည်။ ထိုသူများ အလုပ်လုပ်နေရာတွင် ဆီးသွားရန် အိမ်သာအခက်အခဲတစ်စုံတစ်ရာကြောင့် မသွားသူများဖြစ်ကြသည်။ အချို့မှာလည်း ရှက်တက်သဖြင့် အပေါ့မသွားဘဲ နေသည်ကိုတွေ့ရသည်။ မိတ်ဆွေတစ်ဦးမှာ ဈေးအိမ်သာသွားပါက တစ်ကြိမ်လျှင် ငွေကျပ် ၁၀၀ ပေးရသဖြင့် အကြိမ်ကြိမ်မသွားဘဲ အောင့်ထားသည်ဟု ပြောသဖြင့် ကျန်းမာရေးနှင့် ငွေကျပ် ၁၀၀ ကိုမလဲသင့်ကြောင်း ပြောပြရသည်။ ခါးနာသူတစ်ဦးကို Ultrasound ခေါ် အသံလှိုင်းဓာတ်မှန်ဖြင့် စစ်ဆေးကြည့်သောအခါ ကျောက်ကပ်တွင် ကျောက်တည်နေသည်ကိုတွေ့ရသည်။ ထိုကျောက်ကို ကျောက်ကြေဆေးများစားပြီးကုသရာ ကျောက်ကျသွားပြီးနောက်မှ ခါးနာသက်သာသွားသည်ကိုတွေ့ရသည်။ ထိုကျောက်တည်သောသူသည် အလွန်ရေသောက်နည်းသူဖြစ်သည်ဟုသိရသည်။ ကျောက်ကပ်တွင် အနည်ထိုင်များလျှင် ကျောက်တည်ရောဂါဖြစ်နိုင်ခြေရှိသည်။ ကျောက်ကပ်တွင် ရေစစ်သောဆန်ခါများရှိသည်။ ထိုဆန်ခါများပေါ်တွင် အနည်မထိုင်စေရန်၊ မပိတ်ဆို့စေရန် ရေများများသောက်ပေးခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။

**ရေတွင်သတိပြုရမည့်အချက်များ**

တွင်းရေ၊ ကန်ရေများတွင် ထုံးဓာတ်ပါဝင်သဖြင့် ကျောက်ကပ်ကျောက်တည်ပြီး ခါးနာရောဂါဖြစ်သူများလည်းရှိသည်။ ရေသန့်ဘူးများ ဝယ်မသောက်နိုင်သည့်တိုင် ရေကိုကျိုချက်ပြီးရေကျက်အေးပြုလုပ်ကာ အအေးခံပြီးသောက်လျှင် ကျောက်ကပ်တွင် ထုံးကျောက်အနည်ထိုင်ခြင်းကို ကာကွယ်နိုင်သည်။

နံနက်အိပ်ရာထချိန်တွင် (သွားမတိုက်၊ မျက်နှာမသစ်မီ) ရေအလောက်ခြင်းသည် ခါးနာရောဂါမှန်သမျှကို ပျောက်ကင်းစေနိုင်သည်ဟု ဆိုသည်။ သောက်ရေသန့် ပုလင်းကြီးတစ်ပုလင်းခွဲနှင့် ညီမျှသောရေကို နံနက်အိပ်ရာစောစောထပြီး သောက်ရန်လိုသည်။ ချက်ချင်းအကုန်မသောက်နိုင်လျှင် ဖြည်းဖြည်းချင်းနားပြီး နာရီဝက်အတွင်း ကုန်အောင်သောက်လျှင် ဖြစ်နိုင်သည်။

ရေသောက်ခြင်းသည် ငွေကုန်ကြေးကျမများဘဲ ဆီးရောဂါ၊ ခါးနာရောဂါ၊ ခါးကိုက်ရောဂါ၊ ခါးအပူခဲရောဂါ၊ ခါးတွင်ကျောက်တည်ပြီး ကျောက်ကပ်ပိတ်ဆို့သောရောဂါ၊ ခါးကြောတောင့်တင်းသောရောဂါ၊ ဝမ်းချုပ်ရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။

အထိုင်များသူများအတွက် အကြံပြုချက်-

- ထိုင်ချိန် နှစ်နာရီကျော်လျှင် ထပြီးခေတ္တလမ်းလျှောက်ပေးပါ။
- အစည်းအဝေးထိုင်သူများ ခေတ္တနားချိန်ပေးပြီး ဆီးသွားပေးပါ။
- ငါးနာရီထက်ပိုထိုင်ရသောအလုပ်သည် ခါးအာရုံကြောကို ဒုက္ခပေးနိုင်သဖြင့် အလုပ်ပြီးလျှင် ခါးကိုဆန့်၍ လဲလျောင်းအနားယူပါ။
- အထိုင်များခြင်းကြောင့် ဆီးနှင့်ကျောက်ကပ်ကို မထိခိုက်စေရန် ရေများများသောက်ပေးပါ။
- အထိုင်များလျှင် ဝမ်းချုပ်နိုင်သဖြင့် အသီးအနှံများများစားပေးပါ။ ညအိပ်ရာဝင်ချိန်တွင် မန်ကျည်းဖျော်ရည်သောက်ခြင်း၊ ရှောက်သီးဖျော်ရည် သောက်ခြင်းပြုလုပ်ပါ။ တစ်ပတ်လျှင် တစ်ကြိမ်နှုန်းရက်တွင် သင့်တင့်သော ဝမ်းနုတ်ဆေးတစ်မျိုးမျိုးကို သောက်ပေးလျှင် ပို၍ ကောင်းပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မျိုးဆက်သစ်တို့ တာဝန်

- တို့မြန်မာ လူငယ်များ
အစဉ်ကြိုးစား တိုးတက်ရန်၊
ပညာကို စနစ်တကျ
သင်ကြမှန်မှန်၊
စည်းကမ်းနဲ့ အသိဉာဏ်
ပြုမွမ်းမံ မြတ်စိတ်ဓာတ်၊
ရွှေမြန်မာ မျိုးဆက်သစ်ရယ်
ထုဆစ်မြင့်မြတ်။

- လူငယ်တွေ နေရာပေး
ပျိုးထောင်ရေး စီစဉ်ပါ၊
နောင်တစ်ချိန် အားကိုးရ
စံပြဖို့ရာ၊
ကိုယ့်လူမျိုး တိုးတက်သာ
လူကြီးမှာ တာဝန်ရှိ၊
လူငယ်ကို လက်ဆင့်ကမ်းကာ
ထမ်းရွက်သင့်၏။

- ကိုယ့်ရိုးရာ ယဉ်ကျေးမှု
စဉ်တွေးရှု ရှေ့ဆောင်လေ၊
အမျိုးဂုဏ် ဇာတိသွေးလည်း
နီစွေးပါစေ၊
မျိုးဆက်သစ်တို့ တာဝန်တွေ
ထမ်းရွက်မသွေ ခိုင်မြဲ၊
နိုင်ငံတော် ပန်းတိုင်ကောင်းအောင်
ထိန်းကျောင်းဆင်နွှဲ။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ယခုဘဏ္ဍာနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ကျေးလက်လမ်း ၁၄၉ မိုင်ကျော်နှင့် တံတား၊ ရေပြွန် ၇၄ စင်း ဆောင်ရွက်ပေးသွားမည်



**နေပြည်တော် ဇွန် ၇**

ယခုဘဏ္ဍာနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ကျေးလက်လမ်း ၁၄၉ မိုင်ကျော်နှင့်တံတား၊ ရေပြွန် ၇၄ စင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သော လမ်းများဖြစ်ပေါ်အသုံးပြုနိုင်ရေးအတွက် အလေးထားစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအရ ကျေးလက်လမ်း၊ တံတားလုပ်ငန်းကဏ္ဍတွင် ကျေးလက်လမ်း၊ တံတားများတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်လမ်း ၁၄၉ မိုင်နှစ်ဖာလုံကျော်၊ တံတား၊ ရေပြွန် ၇၄ စင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည့် ကျေးလက်လမ်းလုပ်ငန်းများမှာ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေသားလမ်း၊ လမ်းချဲ့သည့် လုပ်ငန်းများဖြစ်ပြီး ကျေးလက်တံတားလုပ်ငန်းများမှာ ကွန်ကရစ်တံတား၊ ကြိုးတံတား၊ ဘေလီတံတား၊ ရေကျော်၊ Box Culvert တည်ဆောက်သည့် လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ယခုအခါ ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်ပြီး တင်ဒါလုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးပါက တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

SKL

# မအူပင်မြို့နယ် ရွာသစ်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ရန် ကွင်းဆင်းတိုင်းတာ

**မအူပင် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးကြီးဂရက်ကျေးရွာအုပ်စု ရွာသစ်စုကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရန် မြေပြင်ကွင်းဆင်းတိုင်းတာခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ယခုဘဏ္ဍာနှစ်တွင် ရွာသစ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာများကို ကွင်းဆင်းစစ်ဆေးပြီး ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များက ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်မည့်အခြေအနေများ၊ သတ်မှတ်အတိုင်းအတာရရှိမှု ရှိ၊ မရှိ အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ် ရွာသစ်စုကျေးရွာ၌ အရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာ သုံးရွာရှိ အိမ်ခြေ ၄၁၄ အိမ်၊ လူဦးရေ ၁၅၃၆ ဦး၊ စိုက်ပျိုးမြေဧက ၅၈၀ မှထွက်ရှိသည့်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

# ငပဲမြို့နယ် အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇွန် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အိုးမြေတွင်းကျေးရွာတွင် ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးမြေတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၂၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၂၄ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဇင်မာ**

## နိုင်ငံတကာ သတင်းများ

# ကုလအထွေထွေညီလာခံ၌ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံသစ်များ ရွေးချယ်

**နယူးယောက် ဇွန် ၇**

ကုလသမဂ္ဂအထွေထွေညီလာခံသည် ဇွန် ၆ ရက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့်အဖွဲ့ဝင်နိုင်ငံသစ်ငါးနိုင်ငံကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ မဲခွဲရွေးချယ်မှုအရ လုံခြုံရေးကောင်စီအဖွဲ့ဝင်နေရာများ ရရှိခဲ့ကြသော နိုင်ငံများမှာ ဒိန်းမတ်၊ ဂရိ၊ ပါကစ္စတန်၊ ပနားမားနှင့် ဆိုမာလီယာနိုင်ငံတို့ဖြစ်ကြသည်။

အဆိုပါနိုင်ငံ ငါးနိုင်ငံတို့သည် သက်တမ်းနှစ်နှစ်ရှိသည့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နေရာများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်ရယူမည်ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးကောင်စီသည် ဥပဒေအရ မဖြစ်မနေလိုက်နာရမည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့်တစ်ခုတည်းသော ကုလသမဂ္ဂ အဖွဲ့အစည်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး ဗြိတိန်၊ တရုတ်၊ ရုရှား၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့မှာ ဗီတိုအာဏာသုံးခွင့်ရှိသော အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံက ရွေးချယ်ထားသော လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံသစ် ငါးနိုင်ငံတို့သည် လက်ရှိအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အီကွေဒေါ၊ ဂျပန်၊ မော်လ်တာ၊ ဆွစ်ဇာလန်နှင့် မိုဇမ်ဘစ်နိုင်ငံများနေရာ၌ အစားထိုးနေရာယူမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဇူလိုင် ၂၄ ရက်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ အစ္စရေးဝန်ကြီးချုပ် မိန့်ခွန်းပြောကြားမည်



**ဂျေရုဆလင် ဇွန် ၇**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် အမေရိကန် ကွန်ဂရက်လွှတ်တော်၏ ဇူလိုင် ၂၄ ရက် ပူးတွဲအစည်းအဝေးတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်၏ ဇူလိုင် ၂၄ ရက် ပူးတွဲအစည်းအဝေး၌ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု မိန့်ခွန်းပြောမည့်အစီအစဉ်ကို အမေရိကန် ကွန်ဂရက်လွှတ်တော်ခေါင်းဆောင်များက ဇွန် ၆ ရက်တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

မိမိအနေဖြင့် အမေရိကန် ကွန်ဂရက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ဇူလိုင် ၂၄ ရက်အစည်းအဝေးတွင် ဂါဇာစစ်ပွဲနှင့်ပတ်သက်၍ အမှန်တရားများ တင်ပြသွားမည်ဖြစ်ကြောင်းအစ္စရေးဝန်ကြီးချုပ်က ပြောကြားထားသည်။

ဂါဇာစစ်ပွဲကို အကြောင်းပြု၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဆက်ဆံရေး မကျေမလည်ဖြစ်နေချိန်တွင် ကွန်ဂရက်လွှတ်တော်ပူးတွဲ အစည်းအဝေး၌ မိန့်ခွန်းပြောရန် အစ္စရေးဝန်ကြီးချုပ်က စီစဉ်ထားခြင်းဖြစ်သည်။

ကွန်ဂရက်လွှတ်တော် ပူးတွဲ အစည်းအဝေး မိန့်ခွန်းအတွက် ဝါရှင်တန်မြို့သို့ ရောက်ရှိနေချိန်တွင် အစ္စရေးဝန်ကြီးချုပ်အနေဖြင့် သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံရန် အစီအစဉ် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက် မိန့်ခွန်းသည် အစ္စရေးဝန်ကြီးချုပ်အတွက် စတုတ္ထမြောက်ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေးမိန့်ခွန်းဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တောင်ကိုရီးယားကလှူဒါန်းမည့် တိုက်ရေယာဉ်ကို လက်ခံရယူရန် အင်ဒိုနီးရှားလွှတ်တော်အတည်ပြု

**ဂျကာတာ ဇွန် ၇**

အင်ဒိုနီးရှား ရေတပ်အတွက် တောင်ကိုရီးယားနိုင်ငံက လှူဒါန်းမည့် တိုက်ရေယာဉ်တစ်စီးအား လက်ခံရယူရေး အဆိုပြုချက်ကို အင်ဒိုနီးရှားလွှတ်တော်က ဇွန် ၆ ရက်တွင် အတည်ပြုပေးခဲ့သည်။

အဆိုပါတိုက်ရေယာဉ်အတွက် ကုန်ကျမည့် ပြုပြင်ထိန်းသိမ်းရေးစရိတ်နှင့်ပတ်သက်၍ စိုးရိမ်မှုများ ပေါ်ထွက်နေချိန်တွင် ယင်းတိုက်ရေယာဉ်အား လက်ခံရယူရေး အဆိုကို အင်ဒိုနီးရှားလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား လွှတ်တော် ကာကွယ်ရေးကော်မတီ၏ အဆိုအရ တောင်ကိုရီးယားက လှူဒါန်းမည့် အဆိုပါတိုက်ရေယာဉ်ကို ပြုပြင်ထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၈၅ သန်းထိ ကုန်ကျနိုင်ကြောင်း သိရသည်။

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးနှင့် ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်း ပရာဘိုဝိုဆူဘီယန်တိုသည် အင်ဒိုနီးရှားစစ်ဘက်၏ သက်တမ်းအို စစ်လက်နက်ယန္တရားများကို အဆင့်မြှင့်တင်ရေးအတွက် ကြိုးပမ်းနေပြီး ဂျက်တိုက်လေယာဉ်သစ်များနှင့် ရေငုပ်သင်္ဘောများအတွက်လည်း အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာသုံးစွဲထားသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲရာတွင် စုစုပေါင်းနှစ်စဉ်ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ရာနှုန်းနှင့်နှိုင်းယှဉ်တွက်ချက်ပါက ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနောက်တွင် ကျန်ရစ်နေဆဲဖြစ်သည်။

တောင်ကိုရီးယားက အင်ဒိုနီးရှားရေတပ်အတွက် လှူဒါန်းမည့် တိုက်ရေယာဉ်မှာ ကိုယ်ထည်အလျား ၈၈ ဒသမ ၃ မီတာရှိသော သက်တမ်း၃၈ နှစ်ရှိ ဘူချွန် ၇၇၃ အမည်ရှိတိုက်ရေယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံမှပြည်ပသို့ ပို့ကုန်များတင်ပို့မှု ၇ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့

**ပေကျင်း ဇွန် ၇**

ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံ၏ ပြည်ပနိုင်ငံများသို့ ပို့ကုန်တင်ပို့နိုင်မှုနှုန်းမှာ တစ်နှစ်ကျော်ကြာကာလအတွင်း အမြန်ဆုံးနှုန်းဖြင့် မြင့်တက်လာခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏသည် ယမန်နှစ် မေလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီးစုစုပေါင်းတန်ဖိုးအမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၃၅ ဘီလီယံထိရှိခဲ့ကြောင်း တရုတ်အစိုးရစာရင်းဇယားများအရသိရသည်။



တရုတ်နိုင်ငံ၏ ယခုနှစ်မေလ ပို့ကုန်များ ပြည်ပတင်ပို့မှုမြင့်မားလာမှုနှုန်းသည် ၂၀၂၃ခုနှစ် ဧပြီလနောက်ပိုင်း အမြန်ဆုံးနှုန်းထားဖြင့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပို့ကုန်ကဏ္ဍအားကောင်းလာမှုကြောင့် တရုတ်နိုင်ငံ၏ ယခုနှစ်ကုန်သွယ်ရေးပိုငွေပမာဏသည် အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၆၂ ဘီလီယံထိရှိခဲ့သည်။

နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်ဧပြီလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပမာဏမှာအမေရိကန်ဒေါ်လာ ၇၂ ဒသမ ၃၅ ဘီလီယံထိရှိခဲ့သည်။

အမေရိကန်နိုင်ငံ၊ဥရောပသမဂ္ဂတို့နှင့်ကုန်သွယ်ရေးကိစ္စ တင်းမာမှုများရှိနေသည့်တိုင် ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံ၏ပို့ကုန်ကဏ္ဍအားကောင်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အိန္ဒိယဝန်ကြီးချုပ်မိုဒီကို အင်န်ဒီအေခေါင်းဆောင်အဖြစ် အင်န်ဒီအေအမတ်သစ်များ တရားဝင်ရွေးချယ်မည်

**ဒေလီ ဇွန် ၇**

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏အမျိုးသားဒီမိုကရက်တစ် မဟာမိတ်ညွန့်ပေါင်းအုပ်စု (အင်န်ဒီအေ)မှ ရွေးကောက်ခံအမတ်သစ်များသည် ၎င်းတို့၏ ပထမဆုံးအစည်းအဝေးကိုကျင်းပရန်ယနေ့တွင် နယူးဒေလီမြို့သို့ ရောက်ရှိလာကြပြီဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် အင်န်ဒီအေလွှတ်တော်အမတ်သစ်များက ဝန်ကြီးချုပ်မိုဒီကို အင်န်ဒီအေညွန့်ပေါင်းအုပ်စုခေါင်းဆောင်အဖြစ်တရားဝင်ရွေးချယ်တင်မြှောက်ရန်စီစဉ်ထားသည်။

ဝန်ကြီးချုပ်မိုဒီဦးဆောင်သော ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)လည်း အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အင်န်ဒီအေညွန့်ပေါင်းအုပ်စုသည် ယခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲ၌ အိန္ဒိယအောက်လွှတ်တော်အမတ်နေရာ၅၄၃နေရာအနက် ၂၉၃ နေရာရရှိခဲ့ကြောင်း သိရသည်။

အင်န်ဒီအေ ရရှိထားသည့် အဆိုပါအမတ်နေရာ ၂၉၃ နေရာအနက် ၂၄၀ မှာ ဘီဂျေပီပါတီက ရရှိခဲ့သော အမတ်နေရာအရေအတွက်ဖြစ်သည်။


အိန္ဒိယနိုင်ငံ၌ နိုင်ငံရေးပါတီတစ်ခုတည်းဖြင့် အစိုးရအဖွဲ့ဖွဲ့စည်းမည်ဆိုလျှင် အမတ်နေရာ ၂၇၂ နေရာထိ ရရှိထားရန်လိုအပ်သည်။

သို့ဖြစ်ရာ ဘီဂျေပီအနေဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးအတွက် အင်န်ဒီအေညွန့်ပေါင်းအုပ်စုဝင် မဟာမိတ်ပါတီများကို အားပြုထားရတော့မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကျောက်သားနမူနာများသယ်ဆောင်သည့် လဆင်းယာဉ်က ချန်အာ-၆ လပတ်အာကာသယာဉ်နှင့်အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**ပေကျင်း ဇွန် ၇**

ကျောက်သားနမူနာများ သယ်ဆောင်သည့် ချန်အာ-၆ လဆင်းယာဉ်သည် ဇွန် ၆ ရက်တွင် လပတ်လမ်းပေါ်ရှိ ချန်အာ-၆ လပတ်အာကာသယာဉ်နှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လကမ္ဘာ အခြားဘက်ခြမ်းရှိ ကျောက်သားနမူနာများ သယ်ဆောင်ထားသည့် လဆင်းယာဉ်သည် လပတ်အာကာသယာဉ်နှင့် ချိတ်ဆက်ပြီးနောက် ကျောက်သားနမူနာထည့်သတ္တုဘူးကို ကမ္ဘာမြေသို့ ပြန်လည်ထွက်ခွာမည့် အာကာသယာဉ်သို့ အောင်မြင်စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ရယူရေးအတွက် ချန်အာ-၆ လဆင်းယာဉ်ကို မေ ၁၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ချန်အာ-၆ လဆင်းယာဉ်သည် ဇွန် ၂ ရက်တွင် လကမ္ဘာအခြားဘက်ခြမ်းရှိ ဆောက်သ်ပိုးလ်-အိုက်ကန်ဥက္ကာချိုင့်ဝှမ်းလွင်ပြင်၌ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ချန်အာ-၆ လဆင်းယာဉ်က ရယူပေးထားသည့် လကမ္ဘာကျောက်သားနမူနာများသည် ဇွန် ၂၅ ရက်တွင် ကမ္ဘာမြေသို့ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

ချန်အာ-၆ လဆင်းယာဉ် အောင်မြင်မှုကြောင့် တရုတ်နိုင်ငံသည် လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ရယူနိုင်ခဲ့သည့် ပထမဆုံးကမ္ဘာ့နိုင်ငံဖြစ်လာခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီက Starship အာကာသဒုံးပျံကို ဇွန် ၆ ရက်တွင် စတုတ္ထအကြိမ်မြောက် စမ်းသပ်လွှတ်တင်

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ဇွန် ၆ ရက်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် စမ်းသပ်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် Starship ၏ စူပါဟဲဗီးဒုံးပျံပင်မကိုယ်ထည်သည် မက္ကဆီကိုပင်လယ်ကွေ့ရေပြင်အတွင်း အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Starship ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ ကမ္ဘာပတ်လမ်းသို့ ဆက်လက် ပျံသန်းခဲ့ပြီးနောက် တစ်နာရီခန့်အကြာတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ကာ အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။



စတုတ္ထအကြိမ် စမ်းသပ်မှုတွင် Starship ၏ ပင်မဒုံးယာဉ်နှင့် ထိပ်ဖူးအဆင့် ဒုံးယာဉ်နှစ်စင်းလုံးမှာ ကမ္ဘာပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်သည်ဟု Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လဆီသို့လူသားများ စေလွှတ်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာအာကာသလူသယ်ယာဉ် နာဆာအာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိ

**ဝါရှင်တန် ဇွန် ၇**

ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ နိုင်ငံတကာအာကာသစခန်းသို့ ဇွန် ၆ ရက်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းသည် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းအထက် ကမ္ဘာပတ်လမ်းပေါ်တွင် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ပျံသန်းစဉ် ဟီလီယမ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာရှိခဲ့သော်လည်း လွှတ်တင်ပြီး ၂၄ နာရီအကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုးရင်းကုမ္ပဏီနှင့် နာဆာသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ဇွန် ၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် အက်တလပ်စ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် အာကာသယာဉ်မှူးများလိုက်ပါသည့် ပထမဆုံးသော စတားလိုင်နာမစ်ရှင်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းနှင့်ချိတ်ဆက်ခဲ့ပြီး နှစ်နာရီခန့်အကြာတွင် စတားလိုင်နာနှင့် လိုက်ပါသွားသော အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းအတွင်း ဝင်ရောက်နိုင်ခဲ့ကြောင်း ဘိုးရင်းကုမ္ပဏီနှင့် နာဆာက သတင်းထုတ်ပြန်ထားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဆားစားသုံးမှုမြင့်မားပါက နှင်းခူရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် ဇွန် ၇**

နေ့စဉ်အစားအစာများ၌ ဆားထည့်သွင်းစားသုံးမှု မြင့်မားပါက နှင်းခူနာရောဂါ (Eczema) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၆ ရက်တွင် ပြောကြားသည်။

အစားအစာ စားသုံးရာတွင် ဆားထည့်သွင်းစားသုံးမှုကိုလျှော့ချခြင်းသည် နှင်းခူနာကို ကာကွယ်ရေးအတွက် ကုန်ကျစရိတ်သက်သာ၍ ဘေးထွက်ဆိုးကျိုးနည်းသော နည်းလမ်းဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၃၇ နှစ်နှင့်အထက် လူပေါင်း ၂၀၀၀၀၀ ကျော်တို့၏ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ ဆားကိုပုံမှန်ထက် တစ်ဂရမ်တိုး၍ စားသုံးတိုင်း နှင်းခူနာရောဂါ ဖြစ်နိုင်ခြေမှာ ၂၂ ရာခိုင်နှုန်း မြင့်တက်လာတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆေးပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဆားစားသုံးမှု ကန့်သတ်ထားသူများတွင်မူ နှင်းခူရောဂါဖြစ်နိုင်ခြေမှာ ၁၂ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ဆားဓာတ်သည် နှင်းခူရောဂါကိုဖြစ်ပွားစေတတ်သည့် ရောင်ရမ်းမှုဖြစ်စဉ်များ၌ အဓိကနေရာတွင် ပါဝင်နေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Sleep Apnea ပြဿနာရှိနေသူများ ရောဂါတစ်မျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေ မြင့်မား

**နယူးယောက် ဇွန် ၇**

အိပ်စက်စဉ် လေပြွန်လမ်းကြောင်းပိတ်ဆို့မှု (Sleep Apnea) ပြဿနာရှိနေသူများသည် ၎င်းပြဿနာ မရှိသူများနှင့်နှိုင်းယှဉ်ပါက ရောဂါဘယတစ်မျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေ ပိုမြင့်မားကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

Sleep Apnea ပြဿနာရှိနေသည့် အသက် ၅၀ အထက်ရှိသူများမှာ အထက်ပါပြဿနာမရှိသူများနှင့် နှိုင်းယှဉ်လျှင် ရောဂါတစ်မျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။


Sleep Apnea ပြဿနာရှိနေသူများတွင် အိပ်စက်ချိန်များ၌ လေပြွန်လမ်းကြောင်း အထက်ပိုင်းကြွက်သားတစ်ရှူးများ အိဆင်းလာပြီး လေပြွန်လမ်းကြောင်းပိတ်ဆို့သွားလေ့ရှိသည်။

Sleep Apnea ပြဿနာကို ကုသမှုမရှိပါက သွေးတိုး၊ နှလုံးရောဂါ၊ နှလုံးခုန်နှုန်းပြဿနာများ၊ လေဖြတ်မှု၊ ပုံစံ-၂ ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Sleep Apnea ပြဿနာကိုကုသခြင်းဖြင့် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုမြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ဝန်ပိနေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂)တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀ အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်း၌ ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၆ မိနစ်နှင့် ၉၁ မိနစ်တို့တွင် ဟိန်းသန့်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက စလင်းအားကစားကွင်းတွင် မဟာယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းက ခြေစွမ်းပိုင်း အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် မင်းသန့်ဘို၊ ပွဲချိန် ၂၂ မိနစ်တွင် ဖုန်းဇော်ဟန်၊ ပွဲချိန် ၄၅ မိနစ်တွင် ရဲဝင်းအောင်၊ ပွဲချိန် မိနစ် ၇၀ တွင် မဟာယူနိုက်တက်အသင်းမှ လွန်းတင်က ကိုယ့်ဂိုးကိုယ်သွင်းခဲ့မိပြီး ပွဲချိန် မိနစ် ၈၀ တွင် ထက်ဝေယံစိုး၊ ပွဲချိန် ၉၄ မိနစ်တွင် နိုင်လာတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒဂုံပေါ့ ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် လေးမိနစ်တွင် သက်ပိုင်ထွဋ်နှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ထွန်းတောက်က သွင်းယူပေးခဲ့ကြောင်း သိရသည်။

**STA**

# နည်းပြဒီရော့ဆီကို ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း ရိုးမားအသင်းထုတ်ပြန်

**ရောမ ဇွန် ၇**

ရိုးမားအသင်းသည် နည်းပြဒီရော့ဆီအား ကာလရှည်သက်တမ်းတိုးရန် ဆွေးနွေးလျက်ရှိရာ ယခုအခါ နောက်ဆုံးအဆင့် သဘောတူညီမှုရရှိခဲ့သဖြင့် လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ရိုးမားအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီလက နည်းပြမော်ရင်ဟိုနေရာတွင် နည်းပြဒီရော့ဆီအား ကာလတိုခန့်အပ်ခဲ့ရာ ဒီရော့ဆီအနေဖြင့် လက်ကျန်စီးရီးအေပြိုင်ပွဲများတွင် ၁၄ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ရာသီပိတ်သိမ်းချိန်တွင် အမှတ်ပေးဇယားအဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် အသင်းတာဝန်ရှိသူများက ဒီရော့ဆီကို ကာလရှည်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိရာ ပြီးခဲ့သည့်လကတည်းက သဘောတူညီမှု ရယူနိုင်ခဲ့သော်လည်း အတည်ပြုထုတ်ပြန်နိုင်ခြင်း မရှိသေးဘဲ အသင်းနည်းစနစ်ဒါရိုက်တာ ဂျီဆိုဖီ၊ အသင်းအမှုဆောင်တို့နှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ကစားသမား အပြောင်းအရွှေ့နှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဒီရော့ဆီက ရိုးမားအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရိုးမားအသင်း ခံစစ်ပိုင်းမှ စပင်နာဇိုလာနှင့် ဇာလောစကီးတို့အနေဖြင့် လာမည့် နွေရာသီအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေသောကြောင့် နည်းပြဒီရော့ဆီက ၎င်းတို့၏နေရာတွင် အစားထိုးနိုင်မည့် အသင်းကစားသမားဟောင်း အယ်မာဆင်ကို ပြန်လည်ခေါ်ယူနိုင်ရန် ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ဝက်စ်ဟမ်းအသင်းတွင် ပါဝင်ကစားနေသော်လည်း ပြောင်းရွှေ့ကြေး အနည်းငယ်ဖြင့် ခေါ်ယူနိုင်ဖွယ်ရှိသည်။

**Ref : RT**
**Trs : ML**



# French Open အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ စဝီယာတက်ခ်နှင့် ပါအိုလီနီတို့ တက်ရောက်

**ပဲရစ် ဇွန် ၇**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပါအိုလီနီက (၆-၃ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကိုကိုဂေါ်ဖ်နှင့် ၁၂ ကြိမ်ထိ ထိပ်တိုက်တွေ့ဆုံခဲ့ဖူးပြီး ယင်း ၁၂ ကြိမ်တွင် စဝီယာတက်ခ်က ၁၁ ကြိမ်ထိ အနိုင်ရရှိခဲ့သည်။

စဝီယာတက်ခ် အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် French Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးထားသူဖြစ်ပြီး ယခုတစ်ကြိမ်တွင် ချန်ပီယံဆုအား ထပ်မံဆွတ်ခူးနိုင်မည်ဆိုပါက သုံးကြိမ်တိုင်တိုင် ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

ပါအိုလီနီသည် ဆီမီးဖိုင်နယ်အဆင့်၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် ပြိုင်ဘက်မှာ အသက် ၁၇ နှစ်အရွယ် တင်းနစ်မယ် အန်ဒရီဗာဖြစ်ပြီး ပါအိုလီနီက ၎င်း၏ အတွေ့အကြုံများကို အကောင်းဆုံးအသုံးချ၍ ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ❑ အီတလီအသင်းက ထုတ်ပြန်ခဲ့သည့် ယူရို ၂၀၂၄ ကစားသမား ၂၆ ဦးစာရင်းတွင် လောင်းကစားဥပဒေကြောင့် ပွဲပယ်ပြစ်ဒဏ် ခုနစ်လကျခံခဲ့ရသည့် ကွင်းလယ်ကစားသမား ဖာဂျီအိုလီ ပါဝင်ခဲ့ကြောင်း သိရသည်။
- ❑ စပါးအသင်းက စာချုပ်သက်တမ်းတစ်နှစ်ကျန်နေသေးသည့် အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမား လိုဆယ်ဆိုကို ရောင်းချရန် စီစဉ်နေချိန်တွင် ကစားသမားကိုယ်တိုင်က အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ အေစီမီလန်အသင်းက လူငယ်တိုက်စစ်မှူး ကာမာဒါကို လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို၍ ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။
- ❑ ဇွန် ၆ ရက်က ကျင်းပသည့် ယူ-၁၇ ယူရိုဗိုလ်လုပွဲစဉ်တွင် အီတလီအသင်းက ပေါ်တူဂီအသင်းကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပြီးခဲ့သည့်နှစ် ယူ-၁၉ ယူရိုပြိုင်ပွဲတွင်လည်း အီတလီအသင်းကသာ ချန်ပီယံဆုဖလားရယူနိုင်ခဲ့သည်။

**ML**

# လက်ဘနွန်ကို သရေကစားခဲ့သည့် ပါလက်စတိုင်းအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးအဆင့်သို့ ရောက်ရှိ

**ဒိုဟာ ဇွန် ၇**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်တွင် ပါလက်စတိုင်းအသင်းက လက်ဘနွန်အသင်းကို ဂိုးမရှိ သရေကစားနိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် ခြေစစ်ပွဲနောက်ဆုံးအဆင့်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြောင်း သိရသည်။



ပါလက်စတိုင်း အသင်းသည် ခြေစစ်ပွဲ အုပ်စုအဆင့်တွင် ဩစတြေးလျအသင်း၊ လက်ဘနွန်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ကစားခဲ့ရသော်လည်း အုပ်စုငါးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်ရှစ်မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကာ ခြေစစ်ပွဲတစ်ပွဲကစားရန် ကျန်ရှိနေသော်လည်း တတိယနေရာမှ လက်ဘနွန်အသင်းကို ရမှတ်ငါးမှတ် ဖြတ်တောက်နိုင်ခဲ့သောကြောင့် ခြေစစ်ပွဲနောက်ဆုံးအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲစဉ်တွင် အုပ်စုကိုးခုမှ တစ်အုပ်စုလျှင် အမှတ်ပေးဇယားထိပ်မှ အသင်းနှစ်သင်းက နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သောကြောင့် ခြေစစ်ပွဲအုပ်စု (I) မှ ဩစတြေးလျအသင်းနှင့် ပါလက်စတိုင်းအသင်းတို့က လက်ကျန်ပွဲ တစ်ပွဲကစားရန် ကျန်ရှိနေချိန်တွင် ခြေစစ်ပွဲ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရခဲ့သည်။

အာရှဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ငါးပွဲကစားအပြီးတွင် ကာတာအသင်း၊ ဂျပန်အသင်း၊ တောင်ကိုရီးယားအသင်း၊ အိုမန်အသင်း၊ အီရန်အသင်း၊ ဥဇဘတ်ကစ္စတန်အသင်း၊ အီရတ်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဂျော်ဒန်အသင်း၊ ယူအေအီးအသင်း၊ ဘာရိန်းအသင်း၊ ဩစတြေးလျအသင်းနှင့် ပါလက်စတိုင်းအသင်းတို့ ခြေစစ်ပွဲ နောက်ဆုံးအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## အီရတ်နိုင်ငံက တောင်ကိုရီးယားနိုင်ငံထုတ် M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တပ်ခွဲရှစ်ခွဲစာဝယ်ယူခဲ့



အီရတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံထံမှ M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တပ်ခွဲ ရှစ်ခွဲစာဝယ်ယူဖြည့်တင်းခဲ့ခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ အရေးတကြီးလိုအပ်နေသည့်အချက်ကို မီးမောင်းထိုးပြခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန် ၁ ရက်တွင် တွစ်တာလူမှုကွန်ရက်စာမျက်နှာမှ အဆိုပါဝယ်ယူခဲ့မှုကို ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆ ဘီလီယံ တန်ဖိုးရှိကြောင်း တရားဝင်ထုတ်ပြန်ထားသည်။

Cheongung II ဟုလည်း လူသိများသော M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ခေတ်သစ်စစ်မြေပြင်တွင် အဆင့်မြင့်စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုအတွက် ရေပန်းစားနေသည့် လက်နက်စနစ်လည်းဖြစ်သည်။ တောင်ကိုရီးယား ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (ADD)က တီထွင်ပြီး တောင်ကိုရီးယားနိုင်ငံ LIG Nex1 ကုမ္ပဏီက ထုတ်လုပ်ထားသည့် M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေယာဉ်၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို ကာကွယ်ပေးနိုင်စွမ်းမြင့်မားသည်။ ၎င်းသည်ပစ်မှတ်များစွာကို တစ်ပြိုင်နက်ရှာဖွေထောက်လှမ်းနိုင်ပြီး ခြေရာခံထိန်းကျောင်းနိုင်သည့် အဆင့်မြင့် ရေဒါစနစ်ဖြစ်သည်။ ဤဘက်စုံသုံးရေဒါသည် အမြင့်ပျံပစ်မှတ်များကို စိစစ်ခွဲခြားသတ်မှတ်ပေးနိုင်ကာ တိကျစွာတုံ့ပြန်တိုက်ပွဲဝင်နိုင်မှုကို သေချာစေပြီး M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကြောက်မက်ဖွယ်ကောင်းသော လက်နက်စနစ်တစ်ခုဖြစ်လာခဲ့စေသည်။

ထို့ပြင် M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အရှေ့စွမ်းအင်သုံး လေကြောင်းခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်စေရန် ဒီဇိုင်းထုတ်ထားသည့် ကြားဖြတ်ဒုံးကျည်များတွင် (Hit-to-Kill) ထိကွဲနည်းပညာကို အသုံးပြုထားသည်။ ဤနည်းပညာသည် မလိုလားအပ်သော လူ၊ လက်နက်၊ အဆောက်အအုံပစ္စည်းများ ပျက်စီးနိုင်ခြေကိုနည်းပါးစေပြီး ပစ်မှတ်များကို တိကျစွာကြားဖြတ်တိုက်ခိုက်နိုင်စွမ်းကို မြင့်မားကောင်းမွန်စေကြောင်း သိရသည်။

M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်သည် နိုင်ငံတကာစစ်လက်နက်ပစ္စည်းများတွင် အလိုအပ်ဆုံးမြေပြင်မှဝေဟင်ပစ် ဒုံးကျည်စနစ်များထဲမှ တစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဝယ်ယူရေးသဘောတူစာချုပ်များ အပါအဝင် မကြာသေးမီက ချုပ်ဆိုနိုင်ခဲ့မှုများသည် M-SAM-II လေကြောင်းရန် ကာကွယ်ရေးစနစ်၏ ကျော်ကြားရေပန်းစားမှုကို သက်သေပြလျက်ရှိသည်။ အီရတ်နိုင်ငံနှင့် ချုပ်ဆိုခဲ့သောစာချုပ်တန်ဖိုးပါ တွက်မည်ဆိုလျှင် တစ်နှစ်၊ နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံထိ ရောင်းချထားနိုင်ခဲ့မှုပမာဏသည် M-SAM-II လေကြောင်းရန်ကာကွယ်ရေးစနစ်ကို K9 ဟောင်ဝစ်ဇာအမြောက်စနစ်နှင့်အတူ တောင်ကိုရီးယား၏ အအောင်မြင်ဆုံးစစ်လက်နက်ပစ္စည်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံသည် M-SAM-III လေကြောင်းရန် ကာကွယ်ရေးစနစ်၊ သီးခြားတာလတ်ပစ် ဟိုက်ပါဆောနစ်ဒုံးခွင်းဒုံးစနစ်နှင့် L-SAM-II စနစ်၊ အမြင့်ပျံ၊ တာဝေးပစ် ဟိုက်ပါဆောနစ် ဒုံးခွင်းဒုံးစနစ်တို့ကို တီထွင်ထုတ်လုပ်နေခြင်းဖြင့် နိုင်ငံ၏ဒုံးခွင်းဒုံးစွမ်းရည်ကို မြှင့်တင်လျက်ရှိသည်။ M-SAM-II လေကြောင်းရန် ကာကွယ်ရေးစနစ် ထုတ်လုပ်သည့် LIG Nex1 ကုမ္ပဏီသည် မလေးရှားနှင့် ရိုမေးနီးယားနိုင်ငံရှိ ကာကွယ်ရေးပြပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ပြသလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးဈေးကွက်တွင် အရှိန်အဟုန်ဖြင့် တက်လှမ်းလျက်ရှိကြောင်း သိရသည်။

ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံ၏ မဟာဗျူဟာမြောက် စစ်ရေးပံ့ပိုးမှုသည် အီရတ်နိုင်ငံအတွက် ဒေသတွင်းလုံခြုံရေးနှင့် အိမ်နီးချင်းအင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးချုပ်ကိုင်လာနိုင်မှုများအပေါ် တန်ပြန်ရန် ကြိုးပမ်းချက်များဖြစ် သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ဤသို့ နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုသည် အီရတ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရုံသာမက အရှေ့အလယ်ပိုင်းရှိ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံ၏ ပထဝီနိုင်ငံရေးရပ်တည်မှုကိုလည်း အားဖြည့်ပေးကာ ၎င်းတို့လုပ်ဆောင်ချက်များ၏ မဟာဗျူဟာမြောက်အရေးပါမှုကို အလေးပေး ဖော်ပြနေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Iraq Requests 8 M-SAM-II Air Defense Missile System Batteries from Korea in $2.56 Billion Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## ဒိန်းမတ်နိုင်ငံက ယူကရိန်းကို F-16 တိုက်လေယာဉ်များ အသုံးပြုခွင့်ပေး

ယူကရိန်းကို မကြာမီရောက်ရှိလာတော့မည့် F-16 တိုက်လေယာဉ်များနှင့် ပတ်သက်၍ ဒိန်းမတ်နိုင်ငံက ယူကရိန်းကို ရုရှားနိုင်ငံအတွင်းပိုင်းထိ ပစ်မှတ်များကို တိုက်ခိုက်ခွင့်ပေးထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Lars Lokke Rasmussen က လူသိရှင်ကြား ထုတ်ပြန်သည့် အဆိုပါဆုံးဖြတ်ချက်တွင် ဒိန်းမတ်က ၎င်း၏ F-16 တိုက်လေယာဉ်များကို ရုရှားပိုင်နက်အတွင်း နက်ရှိုင်းစွာ ဝင်ရောက်တိုက်ခိုက်နိုင်ရေးအတွက် ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင်အထူးစစ်ဆင်ရေး စတင်ကတည်းက စစ်ပွဲများအရှိန်မြင့်တက်သည်ထက် မြင့်တက်လာမည်ကို စိုးရိမ်သောကြောင့် အနောက်နိုင်ငံ မဟာမိတ်အများစုက ၎င်းတို့၏ ပံ့ပိုးပေးထားသော စစ်လက်နက်ပစ္စည်းများကို ယူကရိန်းနိုင်ငံအတွင်း၌သာ အသုံးပြုခွင့်ပေး၍ ကန့်သတ်ထားကြောင်း သိရသည်။

ယူကရိန်းတွင် F-16 တိုက်လေယာဉ်များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုခြင်းသည် စစ်ပွဲတစ်ခု၏ စည်းမျဉ်းများအတွင်း၌သာ လုပ်ဆောင်ခြင်းမျိုးဖြစ်ပြီး ဂျာမနီ၊ ကနေဒါ၊ ပြင်သစ်၊ ပိုလန်နှင့် ဆွီဒင်သည် ရုရှားမြေပေါ်တွင် တိုက်ခိုက်မှုများလုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့၏ ဒုံးကျည်များနှင့် အခြားပံ့ပိုးပေးထားသည့် စစ်လက်နက်ပစ္စည်းများကိုအသုံးပြုရန် အသီးသီးခွင့်ပြုချက်ပေးထားပြီးဖြစ်သည်။

အလားတူ အမေရိကန်သည်လည်း ခွင့်ပြုပေးခဲ့ပြီး ရုရှားထိုးစစ်ဆင်မှုကို အပြင်းအထန် ခုခံနေရသော ခါကိဗ်ဒေသကို ကာကွယ်ရန်အတွက်ဖြစ်သည်ဟု အကြောင်းပြထားကြသော်လည်း စိတ်ကြိုက်လုပ်ပိုင်ခွင့်ပေးခြင်းမျိုးကို ဆိုလိုခြင်းမဟုတ်ကြောင်း၊ အရပ်သားများကို အန္တရာယ်ဖြစ်စေနိုင်သည့် ရုရှားနိုင်ငံအတွင်းသို့ ထင်သလိုတိုက်ခိုက်မှုပြုလုပ်ရန် ယူကရိန်းကို F-16 ဂျက် တိုက်လေယာဉ်များအသုံးပြုခြင်းကို တားမြစ်ထားဆဲဖြစ်ကြောင်း Rasmussen က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံထံမှ F-16 တိုက်လေယာဉ် ပထမအသုတ်သည် ယခုနှစ် ဒုတိယသုံးလပတ်တွင် ကီယက်ဗ်မြို့သို့ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။



အဆိုပါကြေညာချက်မတိုင်မီ ဒိန်းမတ်ဝန်ကြီးချုပ် Mette Frederiksen က ယူကရိန်းသည် ရုရှားပိုင်နက်တွင် ဒိန်းမတ်က ပေးအပ်ထားသော စစ်လက်နက်များကို အသုံးပြုခွင့်ပေးထားကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ ၎င်းမှတ်ချက်အပေါ် ရုရှားထံမှ ချက်ချင်းတုံ့ပြန်ခဲ့ပြီး ဒိန်းမတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ် ဗလာဒီမာဘာဘင်က ပဋိပက္ခအတွင်း မထိန်းချုပ်နိုင်သော အခြေအနေတစ်ရပ်ဆီသို့ ဦးတည်သွားနိုင်သည်ဟု ပြောကြားခဲ့သည်။

**Denmark Allows Ukraine Use of F-16s for Strikes Inside Russia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာကို ကမ္ဘာကသိစေဖို့(၂)

လင်းလက်

**ကိုယ့်အားကိုယ်ကိုး**

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဇာတ်ရုပ်မျိုးစုံဖြင့် ကပြအသုံးတော်ခံနေကြသည့် အင်အားကြီးနိုင်ငံတချို့၏ ကကြိုးကကွက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခလုတ်တံသင်းဖြစ်၍ နေတတ်သည်။ ကမ္ဘာ့ကုလသမဂ္ဂဆိုသော အဖွဲ့အစည်းကြီးရှိသည့်ကြားကပင် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို လက်ကိုင်စွဲထားတတ်ကြသည့်နိုင်ငံတချို့က စီးပွားရေးပိတ်ဆို့မှုများကို နိုင်ငံရေးဂုဏ်သိက္ခာကိုပင် မငဲ့ကွက်ဘဲ လုပ်ရဲလာကြသည်။ အရှေ့တောင်အာရှ၏ ဗဟိုချက်မဖြစ်ပြီး ရေခံ၊ မြေခံနှင့် ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မနာလိုဝန်တိုစိတ်များဖြင့် အဘက်ဘက်က ထိုးနှက်တိုက်ခိုက်နေကြသည့် နိုင်ငံများကလည်းရှိနေပြန်သည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်စကားနှင့်အညီ မြန်မာပြည်သူတို့၏ နိုင်ငံချစ်စိတ်၊ အမျိုး၊ ဘာသာ၊ သာသနာကိုချစ်စိတ်တို့ဖြင့် ထင်းစည်းပမာစုစည်းကာဖြင့် ကြိုးစားမှုများကို ထင်တိုင်းမပေါက် လိုရာခရီးသို့ မရောက်စေလိုသူများက အစိုးရနှင့်ပြည်သူကြား သွေးခွဲစကားများဖြင့် တိုက်ခိုက်ကြသည်။ မြန်မာ့နိုင်ငံရေး ပြေးလမ်းပေါ်တွင် ခြေထိုးခံကာ အကြံပက်စက်စွာ နိုင်ငံရေးဂယက်များကိုဖန်တီး၍ လူငယ်မျိုးဆက်သစ်များကို လမ်းချော်လမ်းမှားအောင် စည်းရုံးဆွဲဆောင်ကြသည်။ နုနယ်ပျိုမျစ်သည့် မျိုးဆက်သစ်လူငယ်များအချင်းချင်း အမုန်းတရားများပွားကာ ထင်းစည်းပြေသကဲ့သို့ဖြစ်အောင် သွေးဆောင်ကြသည်။ မလိုမုန်းထားစိတ်ဖြင့် မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေကြသည့် နိုင်ငံတချို့၏ နိုင်ငံရေးဂုဏ်သိက္ခာမရှိသော ခြေပုန်းခုတ် လုပ်ရပ်များက ကြောက်စရာကောင်းလှသည်။

**ပြည်ပရန်ကိုကာကွယ်ရန်မှာ**

နိုင်ငံတိုင်းတွင် တိုင်းပြည်ရန်စွယ်ဟူသမျှကို ပြည်သူနှင့်လက်တွဲ၍ အသက်၊ သွေး၊ ချွေးပေးဆပ်ကာ ကာကွယ်ကြရသည်မှာ တပ်မတော်ပင်ဖြစ်သည်။ တပ်မတော်က ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုကာကွယ်ရန်အတွက် စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ အမျိုးသားနိုင်ငံရေးကို အစဉ်တစိုက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်တွင် ကျရောက်လာမည့် ဘေးအန္တရာယ်ဟူသမျှကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်အစီအမံများ၊ မူဝါဒများကို စနစ်တကျချမှတ်ထားပြီးဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းကပင် နိုင်ငံတော် အစိတ်စိတ်အမြွာမြွာကွဲ၍ သွေးချောင်းစီးတိုက်ပွဲများဖြစ်ပွားစေရန် အမျိုးမျိုးသွေးခွဲမှုကို ခံစားခဲ့ရသည်။ တပ်မတော်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေသည့် လူငယ်မျိုးဆက်သစ်များ၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့်သာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီး တိုင်းပြည်ပြန်တည်ထောင်ခါစတွင် ပြည်ပနိုင်ငံများ၏ ရန်စမှု၊ သွေးခွဲမှုများကြောင့် ဖြစ်ပေါ်လာရသည့် ရောင်စုံသောင်းကျန်းသူများ၏ ဒဏ်ကိုခံစားခဲ့ရစဉ်အချိန်ကလည်း တပ်မတော်နှင့် ပြည်သူတို့လက်တွဲ၍ အောင်ပွဲဆင်နိုင်ခဲ့သည်။ တပ်မတော်က မားမားမတ်မတ်ရပ်တည်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ကာ ကမောက်ကမမဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့၍သာ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာဆိုသောလှပသည့် နေရာလေးတစ်ခုရှိနေခြင်းပင်ဖြစ်သည်။ ခေတ်အဆက်ဆက်ကို ဖြတ်ကျော်ခဲ့ပြီး နိုင်ငံတကာ မျက်စိကျစရာနေရာဖြစ်နေသည့် အရှေ့တောင်အာရှ၏ ဗဟိုချက်မ မြန်မာနိုင်ငံကို ၎င်းတို့အကျိုးစီးပွားအတွက် ကြိုးကိုင်ခြယ်လှယ် ကုပ်သွေးစုပ် အမြတ်ထုတ်လိုကြသည့် ကျားငစဉ်းလဲကဲ့သို့သော နိုင်ငံကြီးများကအချိန်ပြည့် ချောင်း၍နေကြသည်။

**လူငယ်တို့၏ စွမ်းပကား**

ရင်ကိုမြေကတုတ်လုပ်ကာ မဟုတ်မခံ လက်တုံ့ပြန်ရန် အသင့်ရှိနေသည့် တပ်မတော်နှင့် နံရိုးကို စည်းရိုးလုပ်ကာ နိုင်ငံအတွက် အသက်ပေးလိုကြသည့် လူငယ်မျိုးဆက်သစ်များကြောင့်သာ ထင်ထင်ပေါ်ပေါ် မစော်ကားရဲကြသဖြင့် လက်သီးပုန်းပြကာ အမျိုးမျိုးနှောင့်ယှက်နေကြခြင်းဖြစ်သည်။ စွမ်းရည်သုံးရပ်ပြည့်ဝပြီး စနစ်တကျဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်နှင့် မျိုးဆက်သစ်လူငယ်များ၏ တွဲလက်များပျက်စီးသွားအောင် အမျိုးမျိုးကြံဆောင်နေကြခြင်းဖြစ်သည်။

❖ မြန်မာ့သွေးကိုကမ္ဘာကသိအောင် ချပြမည်ဆိုသော လူငယ်မျိုးဆက်သစ်များ၏မျိုးချစ်စိတ်ဓာတ်တို့သည်ကား ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)ကို အောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်ခဲ့သည်ထိဖြစ်ခဲ့သည်။ စစ်သံကြားလျှင် ရွှေခြားပိုက်ကာ၊ အိုးစားဖက်ကို လိုက်လို့ရှာသည်ဆိုသည့် စစ်မှာတမူအိုင်ချင်းပါ နိုင်ငံတော်အတွက် စစ်မှုထမ်းရန် အိုးစားဖက်ကို ရှာနေရသည့် စစ်သည်မောင်ကဲ့သို့ ကြိုးစားမနေရဘဲ အိုးစားဖက်များက အသင့်ရှိနေပြီဖြစ်သဖြင့် လူငယ်မျိုးဆက်သစ်များက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံသားတစ်ယောက်၏တာဝန် ကျေပွန်နိုင်ရန်သာ လိုအပ်သည်။ ❖

လက်တွဲမဖြုတ်စတမ်း ခိုင်မာအားကောင်းနေသည့် တွဲလက်များကြောင့်သာ ပြည်ပနိုင်ငံတချို့၏ ရန်စမှုများကို ခံနိုင်ရည်ရှိနေကြခြင်းပင်ဖြစ်သည်။

ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ကြိုးစားကပြနေရသည့်ကာလတွင် ကမ္ဘာ့နိုင်ငံရေးလှည့်ကွက်မျိုးစုံကို ရင်ဆိုင်နိုင်ရန်အတွက် ဘက်စုံထောင့်စုံက ပြင်ဆင်နေကြရသည်။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ စစ်ရေးအင်အား တောင့်တင်းခိုင်မာနေသည်ဆိုပါက အဘက်ဘက်က တိုးတက်နေသည့်နိုင်ငံကြီးများသည်ပင် စော်ကားမော်ကား မပြုဝံ့ကြပေ။ မိမိနိုင်ငံ မိမိလူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်မှာ ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်သည်။ နောင်တစ်ချိန်တွင် အနာဂတ်မြန်မာနိုင်ငံကို ဦးဆောင်ဦးရွက်ပြုကြမည့် လူငယ်မျိုးဆက်သစ်များအတွက် ပို၍ပင်တာဝန်ရှိသည်။

နိုင်ငံတိုင်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေကြသည့်ကာလတွင် နောင်မျိုးဆက်သစ်များအတွက် အဘက်ဘက်က ပြည့်စုံနေသည့် လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပုံဖော်ရန်လိုအပ်သည်။ ကာလအပိုင်းအခြားတစ်ခုကြာလာသည့်အချိန်တွင် မြန်မာဟုဆိုလိုက်လျှင် အင်အားကြီးနိုင်ငံများကပင် လေးစားအားကျသည့် အနေအထားသို့ ရောက်အောင် ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ရသည်။ နောင်မျိုးဆက်သစ်များလက်ထဲသို့ အောင်မြင်မှုသရဖူကို လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဘက်စုံထောင့်စုံပြင်ဆင်နေသည့်ကာလတွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် စကားနှင့်အညီ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် ခေတ်မီတပ်မတော်ကို တည်ဆောက်ရာတွင် လူငယ်မျိုးဆက်သစ်များ၏ စွမ်းပကားကို အလေးထားရန် လိုအပ်သည်။

**နိုင်ငံသားတို့၏ တာဝန်**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၃ တွင် နိုင်ငံသားတိုင်းသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"တို့ကိုစောင့်ထိန်းရန် တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ ပုဒ်မ-၃၈၅ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟုပြဋ္ဌာန်းထားသည်။ နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လိုသည့် မျိုးချစ်စိတ်ဓာတ်က ရှိပြီးဖြစ်သည်။ အရေးကြုံပါက သက်လုံကောင်းကြရန်သာ လိုအပ်သဖြင့် နိုင်ငံသားတိုင်း အထူးသဖြင့် မျိုးဆက်သစ်လူငယ်များစစ်ပညာတတ်မြောက်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်နေစေရေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာတတ်ကျွမ်းပြီး စစ်မှုထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်ဟူသမျှကို ဖြည့်ဆည်းနိုင်ရေးအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၂၀ (ဃ) တွင် တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ- ၃၃၉ တွင် နိုင်ငံတော်အားပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်ဟုလည်းကောင်း၊ ပုဒ်မ-၃၄၀ တွင်တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

**တွဲလက်ညီညီရှေ့သို့ရှီ**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လူငယ်မျိုးဆက်သစ်များကို စစ်ပညာသင်ကြားပေးကာ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ရန်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ မြန်မာ့သွေးကိုကမ္ဘာကသိအောင် ချပြမည်ဆိုသော လူငယ်မျိုးဆက်သစ်များ၏မျိုးချစ်စိတ်ဓာတ်တို့သည်ကား ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂) ကို အောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်ခဲ့သည်ထိဖြစ်ခဲ့သည်။ စစ်သံကြားလျှင် ရွှေခြားပိုက်ကာ၊ အိုးစားဖက်ကို လိုက်လို့ရှာသည်ဆိုသည့် စစ်မှာတမူအိုင်ချင်းပါ နိုင်ငံတော်အတွက် စစ်မှုထမ်းရန် အိုးစားဖက်ကိုရှာနေရသည့် စစ်သည်မောင်ကဲ့သို့ ကြိုးစားမနေရဘဲ အိုးစားဖက်များက အသင့်ရှိနေပြီဖြစ်သဖြင့် လူငယ်မျိုးဆက်သစ်များက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံသားတစ်ယောက်၏တာဝန် ကျေပွန်နိုင်ရန်သာ လိုအပ်သည်။

နိုင်ငံတချို့က မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ အမှန်တကယ် အသက်ဝင်လာပြီး စစ်ရေးအင်အား တောင့်တင်းလာကာ လူငယ်တိုင်းက ကာကွယ်ရေးပညာတတ်မြောက်လာမည်ကို စိုးရိမ်ကြသည်။ တစ်ပါးသူအောင်မြင်မည်ကို စိုးရိမ်တတ်သည့် ခပ်ညံ့ညံ့လူတစ်ယောက်၏ လုပ်ရပ်ကဲ့သို့ပင် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်မှုကို မအောင်မြင်အောင် အဘက်ဘက်ကဝိုင်း၍ နှောင့်ယှက်နေကြသည်။ အချိန်အတိုင်းအတာတစ်ခုသို့ ရောက်သည့်အခါ နိုင်ငံကြီးများ၏ ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်မှုများကိုပါ ယခုထက်ပို၍ ပြတ်ပြတ်သားသားတုံ့ပြန်လာနိုင်ပြီး ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် လှလှပပ ကပြနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေတစ်ခုကို စတင်ဖန်တီးနေခြင်းဖြစ်သဖြင့် မနာလိုသူများက ဖျက်လိုဖျက်ဆီးစကားများကို ပြောကြားနေသည့်ကြားကပင် လူငယ်များက နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ရှိနေကြသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။

**ဂုဏ်ယယ်စရာမလိုတော့ပြီ**

နိုင်ငံသားတစ်ယောက်အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ်လို့တော့ ယုံကြည်ပါတယ်။ ဒီလိုမျိုး ဥပဒေချမှတ်တယ်ဆိုတာကလဲ နိုင်ငံတော်အကျိုးပြုရေးအတွက်၊ ပြည်သူပြည်သားများ အားလုံးကောင်းစားရေးအတွက် လုပ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဥပဒေဟာဆိုရင်လဲ အရင်ကတည်းက ရေးဆွဲထားခြင်းဖြစ်ပြီး ဒီဥပဒေက အခုမှ အသက်သွင်းတာဖြစ်ပါတယ်။ သင်တန်းဆင်းသွားရင်လဲ ပေးအပ်တဲ့တာဝန်ကို ကျွန်တော်တို့အပြည့်အဝထမ်းဆောင်ပြီး ပြည်သူပြည်သားအားလုံးကိုလည်း လုံခြုံမှုရှိစေဖို့ ကျွန်တော်တို့ တာဝန်ယူပါမယ်လို့ သစ္စာဆိုထားပါတယ်ဆိုသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂) မှ သင်တန်းသားတစ်ဦး၏ စကားသည်ကား မြန်မာလူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်များကိုထင်ဟပ်၍နေသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် အချိန်ကာလတစ်ခုကို တန်ဖိုးရှိစွာအသုံးချ၍ စစ်ပညာသင်ကြားကာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ပေးဆပ်ကြခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများက အနမတဂ္ဂပင်။ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့်အုပ်ချုပ်ရေးစွမ်းရည် စသည့်စွမ်းရည် သုံးရပ်ကို မပြတ်လေ့ကျင့်သင်ကြားပေးနေသည့် တပ်မတော်သားဘဝကို အခိုက်အတန့်ကာလရရှိကြမည့် လူငယ်မျိုးဆက်သစ်များလက်ထက်တွင် ပြည်သူအကျိုးပြုလုပ်ငန်းများကို ယခုထက်ပို၍ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မြန်မာ့အနာဂတ်သည်ကား ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်ပင် ရင်ပေါင်တန်းနိုင်သည့်အခြေအနေသို့ ရောက်ရှိမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။

**ကိုးကား**

- **ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**
- **ပြည်သူ့စစ်မှုထမ်းဥပဒေ၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် သရဲကားရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် စတင်ရိုက်ကူးနေ




**ရန်ကုန် ဇွန် ၇**

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် သရဲကား ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇွန် ၆ ရက်မှ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သည့် သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြ၍ သိရသည်။

သရဲကား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေး အတွက် ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်)က တာဝန်ယူ ပုံဖော် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ လီလီ့ရဲ့ နောက်ထပ်ကာရိုက်တာအသစ်တစ်ခု အနေနဲ့ မြင်တွေ့ရမှာပါ။ လီလီ့ကို ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက မေမီကို ကာရိုက်တာနဲ့ ခေါင်းဆောင်မင်းသမီးအဖြစ် ယုံကြည်စွာ ပါဝင်ဖို့ ကမ်းလှမ်းပေးလို့လဲ သိပ်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီဇာတ်ကားက ကြောက်စရာကောင်းသလို ဟာသပုံစံလဲပါတယ်။ ညပိုင်းတွေ ရိုက်ရမှာများတယ်လေ။ ခပ်ကြမ်းကြမ်းလေးတွေ အသားစားတဲ့အပိုင်းတွေဆို စိတ်လှုပ်ရှားလာပါတယ်"ဟု သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြသည်။

သရဲကား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗို၊ မိုးမိုး၊ ခင်လှိုင်၊ လီလီကျော်ခိုင်၊ ဝေလာရီ၊ မိုးပွင့်ဖြူ၊ ခြူးစစ်ဟန်၊ ကေညီ၊ စိစိ၊ ရန်ပြေ၊ ယရန်ဒိုလီ၊ ကလေးသရုပ်ဆောင် ငြိမ်းစုဝေ နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Carnival of The End of Days ၌ ဆေတန်အဖြစ် မင်းသား ဂျွန်နီဒပ်ပါဝင်မည်

**နယူးယောက် ဇွန် ၇**

The Carnival of The End of Days အမည်ရှိဇာတ်ကားသစ်တွင် မင်းသား ဂျွန်နီဒပ်က ဆေတန်နတ်ဆိုးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

The Carnival of The End of Days ဇာတ်ကားတွင် မင်းသား ဂျွန်နီဒပ်သည် မင်းသား ဂျက်ဘရစ်၊ ဂျေဆင်မိုမိုအာတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဘုရားသခင်၏ဖျက်ဆီးမှုခံရမည့် လူသားမျိုးနွယ်ကို ကယ်တင်ရန် ဆေတန်က ကြိုးပမ်းပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် လျှို့ဝှက်ဆန်းကြယ်အက်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

The Carnival of The End of Days ဇာတ်ကားကို ဒါရိုက်တာ တယ်ရီဂီလီယမ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ဂျွန်နီဒပ်က ဆေတန်အဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး မင်းသား ဂျက်ဘရစ်က ဘုရားသခင်၏နေရာ၌ သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Carnival of The End of Days ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# The Mask Singer Myanmar Season 2 ကို Channel 9၊ MNTV Channel၊ SkyNet Music Channel တို့မှထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၇**

ထင်ရှားကျော်ကြားသူ အနုပညာရှင် ၁၈ ဦးနှင့် အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ ငှက်ပျော်ကြော်၊ စန္ဒီမြင့်လွင်တို့ပါဝင်မည့် The Mask Singer Myanmar Season 2 ကို Channel 9၊ MNTV Channel၊ SkyNet Music Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ပါဝင်တင်ဆက်မည့် သရုပ်ဆောင် ငှက်ပျော်ကြော်က ပြောပြ၍သိရသည်။

အဆိုပါ The Mask Singer Myanmar Season 1 ကို ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်က ၂၀၁၉ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လွှင့်ပြသခဲ့ပြီးဖြစ်ကာ ဇွန် ၂၁ ရက်မှစတင်ကာ The Mask Singer Myanmar Season 2 အစီအစဉ်ကို ဆက်လက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"The Mask Singer Myanmar Season 2 ကို ထူးခြားဆန်းသစ်တဲ့တင်ဆက်မှုပုံစံနဲ့ ရိုက်ကူးထားပြီးတော့ စီစဉ်တင်ဆက်သူအနေနဲ့ ရုပ်ရှင်သရုပ်ဆောင် ပိုင်ဇေရဲထွန်းက ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမပိုင်းက ထုတ်လွှင့်တဲ့ ပုံစံအတိုင်း မျက်နှာဖုံးစွပ်ထားတဲ့ နယ်ပယ်စုံက အနုပညာရှင် ၁၈ ယောက်ကို Cele စုံထောက်တွေအနေနဲ့ အစ်ကိုနဲ့ ထွန်းထွန်း၊ ခင်ဇာခြည်ကျော်၊ စန္ဒီမြင့်လွင်တို့က ဖော်ထုတ်ရမဲ့ ပျော်ရွှင်ဖွယ်ရာ အစီအစဉ်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ငှက်ပျော်ကြော်က ပြောပြသည်။



အဆိုပါ The Mask Singer Myanmar Season 2 ကို ဇွန် ၂၁ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့တိုင်း Channel 9၊ MNTV နဲ့ Sky Net Music Channel လိုင်းအပြင် The Mask Singer Myanmar Youtube Channel နှင့် Sky Net OTT Platform တွင်လည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Peaky Blinders ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန် Netflix ကုမ္ပဏီစီစဉ်

**နယူးယောက် ဇွန် ၇**

Peaky Blinders ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန်အတွက် Netflix ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား စီလီယံမာဖီက တွမ်မီရှယ်ဘီ ဇာတ်ကောင်နေရာတွင် ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Peaky Blinders ဇာတ်ကားကို ဒါရိုက်တာ တွမ်ဟာပါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားရိုက်ကူးမှုလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

မင်းသား စီလီယံမာဖီသည် Peaky Blinders ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Peaky Blinders ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် ကျင်းပမည့် Breathing Space Art Exhibition အတွက် ပန်းချီပညာရှင်များ၊ လူငယ်ပန်းချီပညာရှင်များ ဖိတ်ခေါ်ထား

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် ဇွန် ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပပြုလုပ်မည့် Breathing Space Art Exhibition အတွက် ပန်းချီပညာရှင်များ၊ လူငယ်ပန်းချီပညာရှင်များ ဖိတ်ခေါ်ထားကြောင်း အဆိုပါ Izana Art Gallery မှ ပန်းချီ ကောင်းကျော်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ Breathing Space Art Exhibition တွင် ပါဝင်ပြသလိုသည့် ပန်းချီပညာရှင်များ၊ လူငယ်ပန်းချီပညာရှင်များအနေဖြင့် ကိုယ်တိုင်ဖန်တီးထားသည့် အနည်းဆုံးအနုပညာလက်ရာ သုံးခုနှင့် ကိုယ်ရေးအချက်အလက်များကို Izana Gallery သို့ ဇွန် ၈ ရက် ထက်နောက်မကျစေဘဲ ပို့ဆောင်ပေးရမည်ဖြစ်ကာ ပြပွဲအတွက် ပန်းချီကားများကို စီစဉ်သည့်အဖွဲ့က ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုပြသမဲ့ပြပွဲမှာ အနုပညာရှင်တွေအနေနဲ့ ကိုယ်တိုင်ဖန်တီးထားတဲ့လက်ရာတွေကို ပြသနိုင်မှာဖြစ်ပြီး ပန်းချီဝါသနာရှင်တွေ၊ ဝယ်ယူစုဆောင်းလိုသူတွေနဲ့ ချိတ်ဆက်နိုင်ဖို့ အခွင့်အလမ်းကောင်းတစ်ခုလဲဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပမဲ့ ပန်းချီပြပွဲတွေမှာ ပြသပေးမှာဖြစ်ပါတယ်"ဟု ပန်းချီ ကောင်းကျော်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီကားများအတွက် အကြောင်းအရာ၊ အရွယ်အစား၊ ပုံစံ၊ ဆိုဒ်နှင့်ပတ်သက်ပြီး ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ အနုပညာ ဖန်တီးမှုအားလုံးကို ကြိုဆို ဖိတ်ခေါ်ထားကြောင်း သိရသည်။ ASH

# Families of Office of the Commander-in-Chief (Army, Navy and Air) hold first monsoon tree-growing ceremony for 2024


Senior General Min Aung Hlaing speaks at the tree-growing ceremony.

**Nay Pyi Taw June 7**

A ceremony to grow trees by families of Tatmadaw (Army, Navy and Air) of the Office of the Commander-in-Chief and relevant military commands aims to contribute to conservation of natural environment and climatic conditions, give shade to all and support State economy, starting from 2011.

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing planted a teak sapling at the first monsoon tree-growing ceremony of families of Tatmadaw (Army, Navy and Air) of the Office of the Commander-in-Chief for 2024 near Yezin Dam in Zeyathiri Township of Nay Pyi Taw today.

The ceremony was also attended by Daw Kyu Kyu Hla, wife of the Senior General, SAC Vice-Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and his wife, the Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, senior military officers from the Office of the Commander-in-Chief and their wives, union-level dignitaries and their wives, senior officer trainees of the National Defence College, officers and other ranks of the offices and departments under office of the Commander-in-Chief (Army) and families.

**Annually holding tree-growing ceremonies for conservation of natural environment and ecosystem**

Speaking on the occasion, the Senior General said that Tatmadaw holds monsoon tree-growing ceremonies yearly to grow saplings. Families of the Office of the Commander-in-Chief (Army, Navy and Air) held tree-growing ceremonies 38 times from 2011 to 2023 to plant trees around Yezin Dam for conservation of natural environment and ecosystem. Tatmadaw including families of the Office of the Commander-in-Chief (Army, Navy and Air), military commands and regiments and units planted 21,753,477 saplings (21.75 million) till 2023. Of them, 14,317,784 saplings (14.31 million) thrive, with 65 per cent of success, according to the records.

**Proper preparations against natural disasters can minimize loss and damage**

With regard to forest coverage in Myanmar, the press release in 2020 mentioned it is necessary to gradually decline 42.19 per cent of forest coverage in Myanmar. In accord with the motto: Season and climatic conditions depend on forest, it is necessary to conserve forests in order to ensure favourable weather.

Deforestations are based on cutting forests, expansion of public residential areas and extraction of underground natural resources. Likewise, growing world's population, heat from human and animal as well as factories, industries and vehicles cause climate change, resulting in floods, inundation, storms and droughts in many countries including Myanmar. **Although natural disasters cannot be avoided, proper preparations can minimize loss and damage.**

Chauk town in central Myanmar was involved in the world's hottest cities this summer. Although emphasis has been placed in arid regions since 20 years, it is necessary to supervise growing of trees and conservation. So, supervision is being conducted for systematic undertaking of dry zone greening tasks. It is necessary to grow trees and perform conservation as well as undertake environmental conservation with more functions of proper flow of water and prevention of floods. If officials inspect proper flow of water in rivers and creeks, floods and inundation will not occur. In this regard, **man matters most as human creates environment better or worse.** If not, people can face bad impacts of extreme extraction of natural forest resources without disciplines.


Senior General Min Aung Hlaing waters a teak sapling.

The Senior General stressed the need to accept the concept to adore forests and forge the spirit to thrive all planted trees. As good start can see good result, systematic cultivation and conservation of trees can leave the fine legacy for new generations with a lush and green environment. Now, individuals are enjoying fruits of growing trees since 2011. Hence, **it is necessary to systematically grow trees to thrive so as to hand over a lush and green environment and fine weather to new generations.**

**State Administration Council Chairman Commander-in-Chief of Defence Services and wife plant a teak sapling**

Then, the Senior General and wife grew a teak sapling. Next, the Vice-Senior General and wife, the Chief of the General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, senior military officers from the Office of the Commander-in-Chief and their wives, *See Page15*


Daw Kyu Kyu Hla encourages those participating in the tree-growing ceremony.


Daw Kyu Kyu Hla waters a tree sapling.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC meeting 3/2024

## Citizens are the supporters of national development, but negative minded citizens are destructive to the country; terrorists must be opposed with people's power



Senior General Min Aung Hlaing addresses SAC meeting 3/2024.

**Nay Pyi Taw June 7**

State Administration Council held meeting 3/2024 at the meeting hall of SAC Chairman's Office here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, Joint SAC Secretary Lt-Gen Ye Win Oo, SAC members and officials.

In his address, the Senior General said SAC is implementing the adopted five-point roadmap for national peace and stability and progress. SAC members should go through the sector-wise check, recheck and counter check procedure for the success of the tasks. They must fulfill the needs of every point and must carry out the remaining assigned task to the best of their ability.

The State and Tatmadaw are ensuring peace, security and stability of the entire Union in realizing the first point of the roadmap. Certain foreign countries are directly or indirectly assisting the terrorist groups for various reasons. Tatmadaw and Myanmar Police Force are continuously shouldering security duties in the entire country. In fact, they are working for the perpetuation of national sovereignty. Hence, the government has increased the risk allowances for them. Likewise, it has also increased the cash assistance for members of Myanmar fire brigade and other civil servants.

In some areas, ethnic groups who love peace, and Tatmadaw members and MPF members have crushed the terrorist insurgents and blocked their armed supply channels through collective efforts. Reconstruction and rehabilitation activities are being carried out in the places re-controlled by the Tatmadaw. Terrorists were burning down the villages they had to surrender and destroying the public property of innocent people. Those are small minded actions.

SAC is steering the country on the road to genuine and disciplined multiparty democracy. On the other hand, terrorists are applying terrorism in solving political affairs. In fact, they are concentrating more on grabbing region-wise power than realizing the multiparty democracy. As SAC is working in accord with the 2008 Constitution, it is ensuring equal rights for all national races.

Security forces are ensuring uninterrupted road transport and regional peace and stability. At the same time, they are trying to crush drug trafficking and the gun running business of terrorists. In some places, terrorists attacked the security outposts. Security forces will take necessary action against them with added momentum.

The government will strive for the success of farming-based businesses in accord with the second point which is to expedite manufacturing businesses rooted in agriculture and livestock breeding. Production development will be followed by an increase in GDP. Agricultural, industrial and services sectors need progress. Farming is the country's main business. Some foreign countries and organizations are imposing economic sanctions on Myanmar for various reasons since the SAC took power. Likewise, terrorists are intentionally making efforts for the occurrence of battles in border areas to harm the border trade.

The country must boost exports through both normal trade and border trade. Agricultural businesses cannot be run at full speed during the previous years. In conducting agro-businesses, efforts should be made to hit the per acre yield target and increase multiple cropping. In this way the agricultural sector will gain rapid development and increase exports. SAC members should supervise the work to meet the per acre yield target and develop multiple cropping.

If people with strong financial power make investments in the farming sector, it will achieve progress and support the production businesses more. Broiler, layer, meat cattle, milk cow, fast-growing pig and goat farming are profitable businesses and pouring investment in them will benefit the country. Profits can be reaped by systematically cultivating crops to meet the targets. Making investment in farming businesses will benefit the people of the industry and the nation. The existing sown acreage must be effectively used for agro development rather than extending cultivated areas.

People who can afford are willing to engage in highly profitable businesses. So, they are encouraged to contribute to the country's economic development. By doing so, they will not only support the national economy but also enhance their own private interests. For example, according to the Ministry of Agriculture, Livestock, and Irrigation, if one invests 400 million kyats in raising 10,000 laying hens for a period of 20 months, the profit will be over 70 million kyats. Raising 17,000 broiler chickens will yield a profit of over 50 million kyats. Raising 400 pigs will result in a profit of about 25 million kyats. Raising 500 goats will generate a profit of about 15 million kyats. Raising 80 dairy cows for two years will bring a profit of over 170 million kyats. Raising 80 beef cattle will result in a profit of over 20 million kyats, according to the calculations.

Similarly, in the agricultural sector, if 400 million kyats are invested in planting 500 acres of sesame, the profit will be around 50 million kyats. Planting 800 acres of soybeans will yield a profit of about 320 million kyats. Planting 640 acres of sunflowers will generate a profit of over 170 million kyats. Planting 200 acres of red onions will result in a profit of 500 million kyats. Planting 160 acres of garlic will bring a profit of over 500 million kyats, according to the calculations.

Upon examining the food commodities required by our neighboring countries, it was found that in 2022, China imported 92 million tons of soybeans from Brazil and Uruguay, and in 2023, it imported 94 million tons. Additionally, China imported 2.3 million tons of beef in 2021 and 2.7 million tons in 2023, along with other meat and fish products from abroad, according to their reports. Similarly, India and Bangladesh are countries with high consumption of red onions and garlic, indicating market demand for these products. Therefore, our country should focus on increasing the cultivation and production of soybeans, red onions, and garlic, as well as enhancing livestock production. This example is provided to illustrate the potential, while recognizing that there are many other market demands yet to be met.

Therefore, agricultural and livestock products have a strong market presence.

*See Page 15*

# Congratulatory messages exchanged for Diamond Jubilee of diplomatic ties between Myanmar and Sri Lanka

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing exchanged congratulatory messages with President of Sri Lanka Mr Ranil Wickremesinghe and Prime Minister of Sri Lanka Mr Dinesh Gunawardena respectively, on the occasion of the 75th Anniversary (Diamond Jubilee) of the establishment of diplomatic relations between the Republic of the Union of Myanmar and the Democratic Socialist Republic of Sri Lanka on 7 June 2024. MNA

# Message on BIMSTEC's 27th Anniversary

On the auspicious occasion of the 27th Anniversary of the founding of the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC), it is my honour to extend, on behalf of the Peoples and the Government of the Republic of the Union of Myanmar, my warm wishes to the Peoples and Governments of BIMSTEC Member States as well as to the BIMSTEC Secretariat.

Over the past 27 years, BIMSTEC has made remarkable progress in fostering socioeconomic development of the region and strengthening its institutional mechanisms through close collaboration based on the principles enshrined in the 1997 Bangkok Declaration.

I am pleased to praise that BIMSTEC provides not only a platform for cooperation among regional countries but also promotes traditional friendship, mutual understanding, mutual respect, and enhanced people-to-people contacts among Member States. Moreover, the BIMSTEC Charter manifests our resolute commitment to regional economic growth and social progress in a way that provides mutual assistance while maintaining regional peace and stability.

I would also like to take this opportunity to congratulate all Member States for the collective efforts exerted under the BIMSTEC framework in addressing various challenges. I believe that our solidarity and systematic cooperation, guided by the BIMSTEC Charter, will continue to be the strategic elements to overcome future challenges.

On this special occasion of the 27th Anniversary of BIMSTEC, I would like to reaffirm Myanmar's commitment to active cooperation with fellow Member States in line with the principles enshrined in the BIMSTEC Charter. I wish BIMSTEC to be a stronger and more effective organization and to have every success in future endeavours of promoting the socioeconomic livelihoods of the peoples in the Bay of Bengal Region.

**Signed by,**
**Senior General Min Aung Hlaing**
**Chairman**
**State Administration Council**

# Chairman of the State Administration Council Senior General Min Aung Hlaing sent congratulatory message on BIMSTEC Day

## (7-6-2024, Nay Pyi Taw)




The Chairman of the State Administration Council Senior General Min Aung Hlaing has conveyed Congratulatory Message to commemorate the 27th Anniversary of the founding of the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) which was fall on 6 June 2024.

The Congratulatory Message by the Chairman of the State Administration Council was uploaded on the official website of the BIMSTEC Secretariat together with the Messages of the Leaders of BIMSTEC Member States i.e. Bangladesh, Bhutan, India, Nepal, Sri Lanka and Thailand.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**7 June 2024**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 13*

They can support national food security and increase foreign income through exports. Consequently, entrepreneurs with financial capability are encouraged to invest in the reliable sectors of agriculture and livestock production.

To meet the country's cooking oil needs, it is necessary to cultivate oil-producing crops to achieve the set target yields. After completing the monsoon paddy cultivation, if 4 million acres of remaining land are used to plant sunflowers, it will help support domestic oil sufficiency. In addition to sunflower, peanut, and sesame, soybeans can also be used to produce oil. Therefore, increasing soybean cultivation and production will not only meet domestic consumption but also enable export to foreign countries. Moreover, it is important to enhance the yield of crops such as red onions and garlic. If we can successfully develop our agricultural and livestock sectors, it will lead to an increase in exports.

During April, we observed abnormal and extreme fluctuations in gold and currency prices, indicating that some unscrupulous economic actors were manipulating currency values. Consequently, necessary inspections were conducted, resulting in gold and currency prices gradually stabilizing to their appropriate levels. In the past, we have faced economic sanctions, bank system collapses, and deliberate currency devaluation efforts, but despite such challenges, we managed to restore the country's economy to a certain extent. Similarly, it has been observed that illicit funds are being used to purchase real estate in foreign countries. As a result, necessary regulations and legal checks are being carried out. The current gold and currency prices are unnaturally high, reflecting deliberate attempts to devalue the currency and destabilize the country's economy. I believe it is essential to focus on maintaining currency stability rather than merely observing its rise and fall. It is crucial to stabilize currency prices, as various parties are colluding to bring down our nation's economy.

Regarding the third point of our roadmap, the Nationwide Ceasefire Agreement (NCA), we are adhering to the agreed terms of the agreement. However, it has been observed that some ethnic armed groups who have signed the agreement and those who have temporarily agreed to ceasefire have violated the terms. Despite this, as a nation composed of various ethnicities living together in unity, we are working to maintain and preserve the interests of the Union. Except for defending ourselves, we have not attacked their military bases. In relation to achieving peace in the Union, we are working to facilitate meetings and discussions with political parties and ethnic armed groups who have signed the agreement in the near future.

Regarding the fourth point of our roadmap, which is the establishment of a strong multi-party democratic system and the construction of a Union based on democratic and federal principles, we have made efforts to strengthen governance since we took responsibility. We have expanded and structured districts for more effective administration. We urge regional authorities to utilize their administrative powers to promote regional development according to the state and regional divisions. The Union will establish necessary policies. It is essential to carry out tasks boldly and with full accountability at each level of responsibility to achieve economic, political, and social development. In some states and regions, agricultural lands have been used for other purposes under the pretext of urban development. Therefore, it is necessary to ensure that land use complies with the established rules and permissions. Regarding the use of farmland, agricultural land, and vacant land, it is crucial to adhere strictly to the permissions granted and to prevent unauthorized uses.

In connection with education, measures are being taken to implement compulsory education up to KG+12 and stationery is being provided free of charge. Some schools in Chin State, Kayah State, Rakhine State, Shan State (North) and upper Sagaing Region cannot be opened. It was learnt from reports that nearly 7 million students have attended schools so far. Based on age groups of the population of the country, more students are required to go to school. When the SAC took office, some education staff joined the CDM and efforts are being made to appoint more education staff by taking time. It is necessary to monitor and supervise private schools and collection of school fees must be systematic. Measures must be taken to open all schools which have not been opened and to study peacefully in schools which have been opened. It is necessary to take security measures for education staff and offer rewards for them. Similarly, in connection with the health sector, efforts are being made to appoint healthcare staff in vacancies. Measures have been taken to appoint doctors, who can provide basic healthcare services, every hospital.

The fifth goal of the roadmap and the ultimate aim of the SAC is to hold a free and fair multi-party democracy election. The incorrect voters' list in the 2020 election was a very bad dark spot in the history of the country and it is necessary to compile correct voters' lists so as not to repeat such incidents. Necessary preparations will be made to get correct voters' lists. Population and household census will be conducted in October. Necessary preparations for potential difficulties must be made to conduct the census successfully. The population statistics will be available after conducting the census and the election can be held properly.

Measures must be taken to conduct the census as much as possible in some areas where the census cannot be conducted on the ground. The population census will be conducted on the ground. The census will be conducted in possible towns and villages and security measures will be taken for related townships to conduct the census. In holding the election, it will be held in accordance with the 2008 constitution. As holding the election is the ultimate aim of the SAC, it will be held without fail. Therefore, members of the SAC are required to make concerted efforts to successfully implement the roadmap and to hold the election as much as possible.

Then, the joint secretary and members of the SAC reported to the meeting on field trips to regions and states for regional development and discussions about political, social and economic policies of the country, registration of political parties and measures taken to register remaining parties, investigations and action taken against those who destabilized the economy of the country, gold and foreign currency markets and caused inflation, opening of schools and school admission and seizure of weapons and narcotic drugs.

Afterward, the Vice-Senior General discussed preparedness for natural disasters during the rainy season and measures to be taken by ministries and departments to enable farmers to meet yield targets.

Then, the Senior General said agriculture and livestock breeding tasks are viable economic businesses for the country and therefore, efforts must be made to help farmers meet yield targets. Foodstuffs and household products that are consumed by the people daily must be produced domestically as much as possible. Natural disasters and man-made disasters cause destruction and it is necessary to make preparations for them to minimize damage. Priority must be given to enabling all school-aged children to go to school in all the areas where schools are open.

Then, the Senior General made concluding remarks, saying the government has been exerting efforts to build a disciplined democracy and developed country. **Although some citizens of the country are making efforts for development of the country while those who seek to destroy the regions they live in are obstructionists**. Terrorist acts in regions and states committed by terrorists who live in those states and regions. People from other states and regions cannot destroy one's region or state. They are the terrorists who destroy their own regions and states. For example, **they are those who take shelter under the tree and cut its branches**. Such terrorists must be prevented from doing so with the power of the people. Members of the council are required to make people in regions and states they visit understand such issues.

The education sector is important for perpetuation and development of a country. As making oneself not to be educated amounts to self-destruction and destruction of the country. There is no other act as wicked as destroying education. It is necessary to exert efforts to produce educated citizens. Intellectuals are needed for the development of the country. If there are many illiterates in the country, development of the country will be low. It is necessary to read books as well as acquire formal school education.

During the performance of duties of the Commander-in-Chief of Defence Services, I got the opportunity to enable personnel who are weak in education to read and write for six years from 2012 to 2018. If one does something actually, success must be achieved surely. It is necessary to make efforts to enable all people to read and to acquire higher formal education. Members of the council are required to encourage people in states and regions they visit to read books and to acquire education. The meeting came to a close with the concluding remarks.

100

*From Page 12*

officers, other ranks and families planted saplings at the designated places. The Senior General, wife and party viewed round participation of officers, other ranks and families in the tree-growing ceremony.

**196,425 commercial trees, perennial trees, shade and windbreaks planted around Yezin Dam from 2011 to first tree-growing ceremony in 2024**

At today's first-tree growing ceremony of families of Tatmadaw (Army, Navy and Air) of the Office of the Commander-in-Chief, 909 teak saplings, they planted 303 gum-kino saplings, 606 Mahogany saplings and 606 Manjasha plants, totalling 2,424. Families of the Office of the Commander-in-Chief have cultivated 196,425 saplings of commercial trees, perenial, shade trees and windbreaks 39 times from 2011 to the first tree-growing ceremony in 2024 to conserve ecosystem around Yezin Dam.

**The entire Tatmadaw planted 166,189 saplings today in total**

At the same time, all military commands held monsoon tree-growing ceremonies with growing of commercial trees, industrial raw crops, perennial trees and crops, shade trees and windbreaks. Nay Pyi Taw Command grew 7,447 saplings, Northern Command 8,435 saplings, North-East Command 7,102 saplings, Eastern Command 7,239 saplings, Eastern Central Command 16,015 saplings, Triangle Region Command 13,533 saplings, South-East Command 13,379 saplings, Coastal Region Command 9,655 saplings, Yangon Command 17,486 saplings, South-West Command 7,086 saplings, Western Command 8,374 saplings, North-West Command 9,002 saplings, Central Command 29,030 saplings and Southern Command 9,882 saplings. Commanders and officials participated in gree-growing ceremonies. Families of the Office of the Commander-in-Chief and those from military commands and regiments and units planted 166,189 saplings today. 100



**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၉ ပင်၊ ပိတောက် ၃၀၃ ပင်၊ မဟော်ဂနီ ၆၀၆ ပင်၊ မန်ကျည်းရှား ၆၀၆ ပင် စုစုပေါင်း ၂၄၂၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၃၉ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၆၁၈၉ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်း သီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၄၄၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၄၃၅ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၂၀၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၂၃၉ ပင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၁၆၀၁၅ ပင်၊တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၅၃၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၃၇၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၆၅၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၇၄၈၆ ပင်၊အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၇၀၈၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၃၇၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၀၀၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၂၉၀၃၀ နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၈၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး **ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၆၆၁၈၉ ပင်ကိုစိုက်ပျိုးခဲ့ကြကြောင်း** သတင်းရရှိသည်။ **(၅၀၁)**



**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပစဉ်။**



**နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**



**မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**



**တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။**

# ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တည်ထောင်သည့် (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့သည့် သဝဏ်လွှာ

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဖွဲ့စည်းတည်ထောင်မှု (၂၇)နှစ်ပြည့်မြောက်သော မင်္ဂလာရှိသည့် အထိမ်းအမှတ်အခါသမယတွင် ကျွန်ုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရများ၊ ပြည်သူများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို ဆုမွန်ကောင်းများပို့သအပ်ပါသည်။

၂၇ နှစ်တာအတွင်း ဘင်းမ်စတက်သည် ၁၉၉၇ ခုနှစ် ဗန်ကောက်ကြေညာစာတမ်းတွင် ပြဋ္ဌာန်းထားသည့် မူဝါဒများကို အခြေခံသည့် စုပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာယန္တရားများကို ခိုင်မာမှုရှိအောင်ဆောင်ရွက်နိုင်ခြင်းစသည့် ထင်သာမြင်သာရှိသောတိုးတက်မှုများရရှိခဲ့ပါသည်။

ဘင်းမ်စတက်သည် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအတွက် စင်္ကြံတစ်ခုအဖြစ်သာမက အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်လေးစားမှုနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများကိုလည်း တိုးတက်ခိုင်မာစေသည့်အတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ထို့ပြင် အပြန်အလှန်အထောက်အကူပြုခြင်းဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းလျက် ဒေသတွင်း လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကျွန်ုပ်တို့၏ မြဲမြံသောကတိကဝတ်များကို ဘင်းမ်စတက်ပဋိညာဉ်စာတမ်းက အထင်အရှားပြသနေပါသည်။

စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘင်းမ်စတက်မူဘောင်အောက်မှ စုပေါင်းအင်အားဖြင့် ကြိုးပမ်းနိုင်ခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့်အဖွဲ့ဝင်နိုင်ငံအားလုံးကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားလိုပါသည်။ ဘင်းမ်စတက်ပဋိညာဉ်စာတမ်း၏ လမ်းညွှန်မှုဖြင့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်မှုများက အနာဂတ်စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားနိုင်မည့် အဓိကအရာများဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ယနေ့ကျရောက်သည့် ဘင်းမ်စတက်၏ (၂၇)နှစ်ပြည့်အထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းပါအခြေခံမူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည့် ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ ဘင်းမ်စတက်သည် ပိုမိုခိုင်မာ၍ ထိရောက်သောအဖွဲ့အစည်းဖြစ်လာပါစေကြောင်းနှင့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**နေပြည်တော်**

**၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်။**


## ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သဝဏ်လွှာပေးပို့ခဲ့

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်)တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

အဆိုပါသဝဏ်လွှာအား အခြားသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့်ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၏သဝဏ်လွှာများနှင့်အတူ ဘင်းမ်စတက် အတွင်းရေးမှူးရုံး၏ တရားဝင်ဝက်ဘ်ဆိုက်၌ လွှင့်တင်ထားရှိပါသည်။

**(သတင်းစဉ်)**




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### သီရိလင်္ကာနိုင်ငံနှင့် သံတမန်ထူထောင်သည့် (၇၅)နှစ်ပြည့် စိန်ရတုအခါသမယကို ဂုဏ်ပြုသောအားဖြင့် သီရိလင်္ကာနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၇၅)နှစ်ပြည့် စိန်ရတုအခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီနှင့်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒင်းနစ် ဂူနာဝါဒီနာနှင့်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး အား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာမည်

၁။ ၂၀၂၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလတို့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၁ ရက် အင်္ဂါနေ့ နံနက် ၆ နာရီ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ဇွန် ၁၁ ရက် နံနက် ၄ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmare-am.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်ပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသောစာစစ်ဌာနများ၏အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဖုန်းနံပါတ် ၀၁-၆၅၃၅၀၉ နှင့် ၀၁-၆၅၃၄၆၇ တို့ထံသို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ဇွန် ၁၁ ရက် (အင်္ဂါနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ပညာရေးဝန်ကြီးဌာန**

**☆ ကျောဖုံးမှအဆက်**

အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာတာဝန်များအလိုက် လုပ်ငန်းများအောင်မြင်တိုးတက်မှုများကို Check၊ Recheck၊ Counter Check ပြုလုပ်နေရန်လိုကြောင်း၊ ရှေ့လုပ်ငန်းစဉ် တစ်ချက်ချင်းအလိုက် ဖြည့်ဆည်းရန်နှင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ကျရာတာဝန်များအလိုက် တတ်နိုင်သလောက်ဆောင်ရွက်သွားရန်လိုကြောင်း။

ရှေ့လုပ်ငန်းစဉ်၏ ပထမအချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကို အကြောင်းအမျိုးမျိုးဖြင့် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ အကူအညီများ ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တာဝန်ထမ်းနေခြင်းပင်ဖြစ်ကြောင်း၊ ၎င်းတို့အတွက် သက်စွန့်ဆံဖျားစရိတ်များကို တိုးမြှင့်ပေးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထောက်ပံ့မှုများတိုးမြှင့်ပေးခဲ့သကဲ့သို့ အခြားနိုင်ငံ့ဝန်ထမ်းများကိုလည်း ထောက်ပံ့မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ **အချို့ဒေသများတွင် ငြိမ်းချမ်းမှုကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး သောင်းကျန်းသူများထံပေးပို့မည့် လက်နက်ခဲယမ်းများကို တားဆီးပိတ်ဆို့နိုင်ခဲ့**ကြောင်း၊ တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ဒေသများရှိ မြို့ရွာများပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့လက်လွတ်ခဲ့ရသော မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်းများသည် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များ ပျက်စီးအောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အလွန်စိတ်ထားသေးသိမ်သည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သော်လည်း အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြမ်းဖက်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူရရှိရေးရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းပန်းဆက်သွယ်မှုများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ တရားမဝင်မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်မှုများကို တားဆီးနိုင်ရေးနှင့် လက်နက်ခဲယမ်းမီးကျောက်သယ်ယူမှုများ တားဆီးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နေရာများရှိ လုံခြုံရေးစခန်းများကို လာရောက်တိုက်ခိုက်မှုများရှိကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်၍ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် နိုင်ငံ့စီးပွားရေးမြင့်မားရေးဆောင်ရွက်ရာတွင် **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ၎င်းလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်**ကြောင်း၊ **ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏GDP များလည်း တိုးတက်လာမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်ရန်လိုကြောင်း၊ မိမိတို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစ၍ အချို့ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့မှုများရှိကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်စေရန်အတွက် အကြမ်းဖက်သမားများအနေဖြင့် နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

**ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Normal Trade ဖြင့်ဆောင်ရွက်သည်ဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးဖြင့်ဆောင်ရွက်သည်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို အပြည့်အဝစိုက်ပျိုးထုတ်လုပ်နိုင်မှု မရှိခဲ့သည်ကိုတွေ့ရကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်လာအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် များစွာတိုးတက်လာမည်ဖြစ်ပြီး ပို့ကုန်များပိုမိုရရှိလာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများတိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်မည်ဖြစ်ကြောင်း၊ အသားစားကြက်၊ ဥစားကြက်၊ အသားစားနွား၊ နို့စားနွား၊ အသားတိုးဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများသည်လည်း အမြတ်အစွန်းရသည့်လုပ်ငန်းများဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့်စိုက်ပျိုး၍ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အမြတ်အစွန်းများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် စိုက်ဧကများ တိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း။

ငွေကြေး တတ်နိုင်သူများအနေဖြင့် အကျိုးအမြတ် မြိုးမြိုးမြက်မြက်ရသည့် လုပ်ငန်းများကိုသာ အားသန်ကြကြောင်း၊ နိုင်ငံ့စီးပွားမြင့်တင်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏စီးပွားရေးအတွက် အထောက်အကူပြုမည့်အပြင် ပုဂ္ဂလိကအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိစစ်ချက်အရ ငွေကျပ်သိန်း ၄၀၀၀ ရင်းနှီးမြှုပ်နှံ၍ ဥစားကြက်အကောင် ၁၀၀၀၀ ကို ဥသက်တမ်းကာလ လ၂၀ ထိ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၇၀၀ ကျော်၊ အသားတိုးကြက်အကောင် ၁၇၀၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၅၀၀ ကျော်၊ အသားတိုးဝက်အကောင် ၄၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၂၅၀ ခန့်၊ အသားတိုးဆိတ်အကောင် ၅၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၁၅၀ ခန့်၊ နို့စားနွားအကောင် ၈၀ ကို နှစ်နှစ်အကြာ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၁၇၀၀ ကျော်၊ အသားစားနွားအကောင် ၈၀ ကို မွေးမြူမည်ဆိုပါက ကျပ်သိန်း ၂၀၀ ကျော် ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပ်သန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ အစေ့ထုတ်ပြောင်း ဧက ၅၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀ ခန့်၊ ပဲပုပ် ဧက ၈၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၃၂၀ ခန့်၊ နေကြာ ဧက ၆၄၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၁၇၀ ကျော်၊ ကြက်သွန်နီ ဧက ၂၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀၀၊ ကြက်သွန်ဖြူ ဧက ၁၆၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀၀ ကျော်ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် လိုအပ်လျက်ရှိသည့် စားသောက်ကုန်များကို လေ့လာကြည့်ရာ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်တန်ချိန် ၉၂ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၉၄ သန်းကို ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့မှ တင်သွင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အမဲသားတန်ချိန် ၂ ဒသမ ၃ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၇ သန်းကို တင်သွင်းခဲ့ရပြီး အခြားအသားငါးများကိုလည်း ပြည်ပမှတင်သွင်းခဲ့ရသည်ဟု ၎င်းတို့၏ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည်လည်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို အသုံးများသည့်နိုင်ငံများဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်များရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပဲပုပ်နှင့် ကြက်သွန်နီ၊ကြက်သွန်ဖြူများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းသည် ဥပမာအနေဖြင့် ရှင်းလင်းပြောကြားခြင်းသာဖြစ်ပြီး အခြားဈေးကွက် လိုအပ်ချက်များစွာရှိနေသေးသည်ကို သိရှိနိုင်ရန်ဖြစ်ကြောင်း။

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံ့စားနပ်ရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း။

နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီထွက်သီးနှံများကိုလည်း သတ်မှတ်ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးစီးသည့်အချိန်တွင် မည်သည့်သီးနှံမှမစိုက်ဘဲ ကျန်ရှိသည့်လယ်မြေက လေးသန်းခန့်မှ နေကြာစိုက်ပျိုး၍ရသည့် မြေနေရာများတွင် နေကြာကိုစိုက်ပျိုးမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ ဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်းတို့အပြင် ပဲပုပ်မှလည်း ဆီထုတ်လုပ်၍ရသဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်လည်း ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ သီးနှံများတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာမည်ဖြစ်ကြောင်း။

**ပြီးခဲ့သည့် ဧပြီလအတွင်း ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာသည်ကို တွေ့ရပြီး ဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် **လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက်သည့်၊ ဖြစ်သင့်သည့်ဈေးနှုန်းသို့ တဖြည်းဖြည်း ကျဆင်းရှိလာခဲ့ပြီဖြစ်**ကြောင်း၊ **ယခင်ကလည်း စီးပွားရေးအရအရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သောအခက်အခဲ အကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေး အတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့**ကြောင်း၊ အလားတူ အိမ်ရာမြေဝယ်ယူခြင်းနှင့် ပတ်သက်၍လည်း တရားမဝင်ရရှိလာသည့် ငွေကြေးများဖြင့် ပြည်ပနိုင်ငံများတွင် အိမ်ရာမြေဝယ်ယူခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို **စာမျက်နှာ ၂၁ သို့**

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် များစွာတိုးတက်လာမည်ဖြစ်ပြီး ပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်. . .

**နိုင်ငံတစ်ခု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်၊ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .**

**စာမျက်နှာ ၂၀ မှအဆက်**

တွေ့ရှိရသောကြောင့် လိုအပ်သည့် စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ရွှေနှင့် ငွေကြေးဈေးနှုန်းများသည် မည်သို့မျှမဖြစ်နိုင်သည့် ဈေးနှုန်းများဖြစ်ပြီး ငွေတန်ဖိုးကျဆင်းစေရေး ဈေးနှုန်းများကို ဆွဲတင်၍ တိုင်းပြည်၏စီးပွားရေးကျဆင်းမှုရှိစေရန် ရည်ရွက်ချက်ရှိရှိ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်မည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေး ကျဆင်းစေရန်ရည်ရွယ်၍ အဘက်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သဖြင့် ငွေဈေးတည်ငြိမ်ရန်အရေးကြီးကြောင်း။

ရွေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ယာယီအားဖြင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီထားသည့် လက်နက်ကိုင်အဖွဲ့အချို့သည် သဘောတူညီချက်များအပေါ် ချိုးဖောက်လာမှုများကိုတွေ့မြင်လာရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသား ပေါင်းစုံ အတူတကွပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကိုကြည့်၍ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိပြီး ခုခံကာကွယ်သည်မှအပ ၎င်းတို့၏တပ်စခန်းများကို တိုက်ခိုက်ခြင်းများ မပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီးငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မကြာမီကာလအတွင်း နိုင်ငံရေးပါတီများ၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ရွေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် တည်ဆောက်ရေးဆောင်ရွက်ရာ၌ မိမိတို့ တာဝန်ယူချိန်မှစ၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့်အုပ်ချုပ်ရေးကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကို အသုံးချ၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ထောင်စုအနေဖြင့် လိုအပ်သည့်မူဝါဒများကို ချမှတ်ပေးမည်ဖြစ်ကြောင်း၊ အဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြရန်လိုပြီး စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းပြ၍ စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးချခြင်းများ တွေ့ရှိရသဖြင့် မြေယာအသုံးချမှုနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ခွင့်ပြုချက်များနှင့် အညီသာဖြစ်ရန်လိုကြောင်း၊ **လယ်မြေ၊ လယ်ယာမြေ၊ မြေလွတ်မြေရိုင်း အသုံးချမှုတို့နှင့်ပတ်သက်၍ မိမိတို့ကို ခွင့်ပြုပေးထားသည့်အတိုင်းသာ ဖြစ်ရန်လိုပြီး အခြားနည်းများဖြင့် အသုံးချမှုများမဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရ သင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး KG+12 အထိ ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးထား**ကြောင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့ရှိ အချို့သောကျောင်းများ အနေဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ယမန်နေ့အထိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူ ခုနစ်သန်းနီးပါး ကျောင်းတက်ရောက်သည်ဟု တင်ပြချက်များအရသိရှိရကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ အသက်ပိုင်းခြားအရ ကျောင်းတက်ရောက်ရန်လိုအပ်မှုများရှိနေသေးကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် ပညာရေးဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်သွားခဲ့ပြီး ပညာရေးဝန်ထမ်းများ ပြည့်မီစွာခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ အချိန်ကာလတစ်ခုထိ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ၏ သင်ကြားရေးနှင့်ပတ်သက်၍လည်း စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးကောက်ခံမှုများ စနစ်တကျရှိရန်လိုကြောင်း၊ **မဖွင့်ရသေးသည့်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးသည့်ကျောင်းများအားလုံး အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပြီး လိုအပ်သည့် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေးနှင့်ပတ်သက်၍လည်း လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာပြန်လည်ခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာဝန်မရှိသည့် ဆေးရုံဟူ၍ မရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး အခြေခံအားဖြင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်သည့်သူများပင်ဖြစ်ကြောင်း။

ရွေ့လုပ်ငန်းစဉ် ပဉ္စမအချက်ဖြစ်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်**ကြောင်း၊ **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်ကာ မဲစာရင်းများပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ **သန်းခေါင်စာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည်ဖြစ်**ပါကြောင်း။

မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့်နေရာများ၌လည်း မြေပြင်တွင်ရှိသည့် စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး စာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့်မြို့ရွာများကို ဦးစွာကောက်ယူ၍ ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူ၍ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ **ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ပင်ဖြစ်သည့်အတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့်လည်း ရွေ့လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး၊ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး မိမိတို့လုပ်ဆောင်နိုင်သည်မှန်သမျှကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခဲ့မှု၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမှု၊ တည်ထောင်ခွင့်ပြုမှုနှင့် စိစစ်ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးမတည်မငြိမ်ဖြစ်စေရန်၊ စီးပွားရေးဖောင်းပွစေရန်၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားငွေကြေး မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သူများကို ဖော်ထုတ်အရေးယူခဲ့မှု၊ ယခုနှစ် ကျောင်းများဖွင့်လှစ်နိုင်မှုနှင့် ကျောင်းအပ်နှံမှု၊ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုးရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးတောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် တောင်သူများကို မျိုး၊ သွင်းအားစု၊ နည်းပညာကိစ္စရပ်များတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စားကုန်၊ သောက်ကုန်၊သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်နိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးထိခိုက်မှု များစွာရှိကြောင်း၊ ထိုသို့ပျက်စီးဆုံးရှုံးမှုများမရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်တွင်ရောက်ရှိရေး ဦးစားပေး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် **စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးအတွက် မိမိတို့အနေဖြင့်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **နိုင်ငံတစ်ခု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်**ကြောင်း၊ **အလားတူပင် ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံ အဖျက်သမား အကြမ်းဖက်များပင်ဖြစ်**ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအကြမ်းဖက်များက လုပ်ဆောင်နေခြင်းဖြစ်**ကြောင်း၊ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ မိမိဒေသကို ဖျက်ဆီးနေသူများဖြစ်ကြောင်း၊ ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ်ကြောင်း၊ ၎င်းကဲ့သို့ **အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို**ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရာဒေသများတွင် ၎င်းအချက်ကို ပြည်သူလူထု သဘောပေါက်နားလည်အောင် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ပညာမတတ်အောင် လုပ်ဆောင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်ကို ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို ဖျက်ဆီးနေသည့်လုပ်ရပ်ထက် အောက်တန်းကျသောလုပ်ရပ် မရှိကြောင်း၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများကို ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များစွာရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတွင် ပညာမတတ်သူများလာပါက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသွားနိုင်ကြောင်း၊ အလားတူ အတန်းပညာများရှိရန်လိုသကဲ့သို့ စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်တွင် ပညာရေးအားနည်းသည့် တပ်မတော်သားများကို စာတတ်မြောက်ရေးအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ခြောက်နှစ်ကြာ အချိန်ယူ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တကယ်လုပ်လျှင် တကယ်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး စာတတ်နိုင်စေရန်၊ စာဖတ်နိုင်စေရန်နှင့် အတန်းပညာများ မြင့်မားစေရန်အတွက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့်နေရာတိုင်းတွင် ပြည်သူများ စာဖတ်လာအောင်၊ ပညာတတ်လာအောင် အသိပညာပေးကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်






**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲအသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်တို့က ၄၂ ကီလိုတန်းအောက် အမျိုးသမီးတစ်ဦးချင်း ဂျူဒိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများ၊ ၄၅ ကီလိုတန်းအောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများ နှင့် ကီလို ၅၀ တန်းအောက် အမျိုးသား ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ၅၅ ကီလို တန်းအောက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကိုဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသား၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့်ကချင်ပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ ဇွန် ၄ ရက်မှ ၇ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်ခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခန့်မှန်းလူဦးရေ ၆ သန်း ၇ သိန်းကျော်၊ ခန့်မှန်းအိမ်ထောင်စု ၁ သန်း ၅ သိန်းကျော်ရှိပြီး ကောက်ကွက်ပေါင်း ၁၃၀၀၀ ကျော်ကို စာရင်းစစ်၊စာရင်းကောက် စုစုပေါင်း ၅၀၀၀ ကျော်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားကြောင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားရှိပြီး စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၁၅ ရက်ထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့်ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲတို့အရ သတ်မှတ်ရက်အတွင်း ကောက်ယူရန် ကျန်ရှိပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်း လိုအပ်ကြောင်း။ သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မှု (De Facto)ဖြင့် ကွန်ပျူတာ အထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့် (Computer Assisted Personal Interviews-CAPI)စနစ်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လာမည့်ဩဂုတ်မှစ၍ သန်းခေါင်စာရင်းဆိုင်ရာ နည်းပြသင်တန်း အပါအဝင် သင်တန်းအဆင့်ဆင့်ကိုဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံ ဆောင်ရွက်ထားကြရန်နှင့် လုပ်ငန်းစဉ်အဆင့်အလိုက် ပြီးမြောက်အောင်မြင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဦးရေ၏အခန်းကဏ္ဍနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၌ ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့်ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုအားပေး၍ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရှေးဟောင်းရေစီးလမ်းကြောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုများ အခြေအနေများနှင့်ပတ်သက်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အလယ်ရေလမ်းကြောင်း(၁)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူမည်ဖြစ်ပြီး မြကန်ဘက်မှ ကြည့်လျှင် ညာဘက်ရှိရေလမ်းကြောင်း(၂)ကို နယ်စပ်ရေးရာဝန်ကြီးဌာနကဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘယ်ဘက်ခြမ်းရှိ ရေလမ်းကြောင်း(၃)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိုးမကျမီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်လိုကြောင်း၊ ရေလမ်းကြောင်းများကို ရောဝတီမြစ်ဘက်မှစတင်၍ ဦးစားပေးရှင်းလင်းရန် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ရေလမ်းကြောင်းသုံးခုနှင့် ချိတ်ဆက်နေသည့် ကန်များကို ဦးစားပေး ပြုပြင်မွမ်းမံရမည်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုမရှိသော ရေကန်များအနက် ဒေသခံပြည်သူလူထုအား အကျိုးပြုသည့် ကန်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိအောင် သတ်မှတ်စံချိန်စံညွှန်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလုပ်ဆောင်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည့်အတွက် ကန့်သတ်ချက်၊ စည်းကမ်းချက်များနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သာမန်ရေကန်ဆယ်ခြင်းနှင့် ရေစီးရေလာကောင်းအောင် သဘာဝအကွေ့အကောက်၊ ချောင်းရိုး၊ ရေစီးကြောင်းများအတိုင်း ချဲ့ထွင်ခြင်းများကိုသာ ဆောင်ရွက်ရသည့်အတွက်လည်း တတ်အားသရွေ့ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိမိတို့ဝန်ကြီးဌာနအား သတ်မှတ်ပေးထားသော ကန်တူးဖော်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ရေလမ်းကြောင်း ဆောင်ရွက်ခြင်းကိစ္စများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ထားသော Guidelineနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊မြကန်ကို ရေဝင်အားကောင်းစေရန်၊ရေထိန်းသိမ်းမှု အပြည့်အဝရစေရန် အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ စက်ယန္တရားဖြင့်လုပ်ဆောင်ရာတွင် ရှေးဟောင်းဆိုင်ရာကန့်သတ်မှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဘက်မှ အသေးစိတ်အကြံပြုဆွေးနွေးရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းနေမှုနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း–၀၉–၄၄၄၀၄၇၁၂၃၊ ၀၆၇–၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း–၀၉–၅၀၆၁၈၃၂၊ ၀၁–၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း–၀၉–၂၀၀၂၁၉၅၊ ၀၂–၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း–၀၉–၂၀၀၁၉၀၆၊ ၀၆၁–၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



**ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ် ရေကူးကန်၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆု ရရှိသောအသင်းတို့ကို ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇွန် ၅ ရက်မှ ယနေ့ထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။**(၅၀၁)**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၇**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတောင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသောအသင်းများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ် အသီးသီးမှ ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် ဇွန် ၄ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

**နေပြည်တော် ဇွန် ၇**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွှေစင်ရွှေပြားတစ်ချပ်(အရွယ် တစ်ပေ × တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား)၏ မ,တည်ကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပြီး ရွှေစင်ရွှေပြား တစ်ချပ်ဆောင်ရွက်မှု လက်ခအပါ အမှန်ကုန်ကျစရိတ်မှာ ငွေကျပ် ၃၁၃၄၀၀၀(ကျပ် သုံးဆယ့်တစ်သိန်းသုံးသောင်းလေးထောင်တိတိ) ဖြစ်ပါသည်။

တတိယအကြိမ် ရွှေစင်ရွှေပြားကပ်လှူပူဇော်ရေးအတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ အလှူငွေများလက်ခံခဲ့ရာ ယခုအခါ ၂၃၁၈ စတုရန်းပေဧရိယာအတွက် လှူဒါန်းပြီးဖြစ်၍ ၁၁၆၇ စတုရန်းပေလှူဒါန်းရန် ကျန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ကျန်ရှိဧရိယာအတွက် ကုသိုလ်ပါဝင် လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး ကောင်စီဝင် နေပြည်တော်ကောင်စီ
 ၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင် ဒုတိယမြို့တော်ဝန်
 နေပြည်တော်စည်ပင်သာယာရေးကော်မတီ
 ၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်
 ၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
 ၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant.ID.20044314)

၆။ KBZ PAY (ID.70240001001)

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့် စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန်တာဝန် ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး၊အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၄ ရက်မှ ၆ ရက်ထိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် ကျေးရွာနေပြည်သူဦးရေ ၁၀၀ ခန့် ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ရသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ AA အကြမ်းဖက်သမားများက သံတွဲမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးတပ်စခန်းများကို လာရောက်တိုက်ခိုက်ခဲ့ပြီး ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့လည်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် ဆင်ခေါင်းကျေးရွာမှ ပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း ဒေသခံတို့၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန် လုပ်ဆောင်လျက်ရှိသော်လည်း AA အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းစသည့် လုပ်ရပ်များအပေါ် နိုင်ငံတကာကလည်း ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





# ကမ်းလင့်လက်

ပိုင်ပိုင်

(၁)

"ထကြတော့ မောင်မင်းကြီးသားတို့"

နံနက် ၆နာရီကျော်လျှင် နှိုးနေကျ အမေ့အသံ။

ကျွန်တော်အိပ်ရာမှ အမြန်ထပြီး ဧည့်ခန်းထောင့်တွင် ခုတင်အသေးလေးနှင့် အိပ်နေသော အစ်ကိုကြီး ထွန်းတောက်ကို လက်ကုတ်နှိုးသည်။

"ကိုထွန်းမြတ်ရေ လင်းတဲ့ထိ အိပ်နိုင်သူကြီး။ ရှင်ကတော့ အငြိမ်းစားကြီးပေါ့။ ကျုပ်မှာသာ အိမ်မှုကိစ္စတွေ အဆက်မပြတ်လုပ်နေရလို့ ပင်စင်မရသေးပါဘူးတော်"

ဟော အမေ့အသံက အဖေ့ဘက်လှည့်သွားပြန်ပြီ။ အဖေလည်းမျက်လုံးလေးပွတ်ပြီး အိမ်နောက်က ရေကန်ကိုထွက်သွားပါပြီ။ အစ်ကိုကြီးက ကျွန်တော် လက်ကုတ်တာကို မေးဆတ်ပြသည်။ အမေ နှိုးနေကြောင်း အမူအရာပြလိုက်တော့ လက်ငါးချောင်းစု ဖြန့်ပြကာ မှောက်အိပ်ပြန်သည်။ ငါးမိနစ်နေမှ ထမည့်သဘော။

အစ်ကိုကြီးထွန်းတောက်က BE(Civil) ဘွဲ့ရထားသော်လည်း အလုပ်မဝင်ဘဲ ကျောက်ပွဲစားလုပ်သည်။မော်ဒယ်မြင့် ဆိုင်ကယ်ကြီးများဝယ်ရောင်းကလုပ်သေးသည်။ ပေပေတေတေနှင့် ခဏတိုင်းရန်ဖြစ်၍ ရှင်းရသည်မှာအကြိမ်ကြိမ်။ ဘယ်ဘက်နားက ရန်ဖြစ်ပြီးထိုးကြိတ်ခံရသည့်ဒဏ်ကြောင့် မကြားရတော့၍ နားကြားကိရိယာ တပ်ထားရသည်။ အမေ အော်ဟစ်ဆူပူလျှင် နားကြားကိရိယာကို ဖြုတ်ထားတတ်သည်။

"ဟင်း သမီးလေး တစ်ယောက်ရှိပါတယ် ပုတ်ထဲကခေါးမက ပဲ့ ဆိုသလိုပဲ ညကတည်းက အဆစ်တွေကိုက်လို့ ဆေးသောက်အိပ်မလို့ မနက် မနှိုးပါနဲ့တဲ့။ နှိုးပေါင်တော်"

မနှိုးပါလို့ဆိုသည့် အမေ့အသံက ကျွန်တော်တို့နေသည့် စစ်ကိုင်းမြို့ နန္ဒဝန်ရပ်ကွက် တစ်ခုလုံးကြားလောက်ပါ၏။ အဖေ ဦးထွန်းမြတ်က ပညာရေးမှူးအငြိမ်းစား။ စကားနည်းအနေအေးကာ ရသည့်လစာအမေ့ကိုအပ်ပြီးလောကကြီးကို ကျေနပ်နေတတ်သူ။

အမေဒေါ်ထက်စံက ထက်မြက်လွန်းသည်။ အရာရာ သူ့စိတ်တိုင်းကျဖြစ်ချင်နေသူ။ ကျွန်တော်တို့မောင်နှမသုံးယောက်မှာ အမေ့ကို ကြောက်ရသည်။ ကျွန်တော် မျက်နှာသစ်ပြီး မီးဖိုခန်းထဲဝင်လိုက်သည်။

"အမေ ထိုင် ထိုင်။ သား ထမင်းကြော်ထည့်လိုက်မယ်"

"အေး။ ငါ့သားငယ် မင်းထက် အလိမ္မာဆုံးပဲ။ မနက်အစောကြီးထပြီး မင်းတို့နိုးရင်စားဖို့ ချက်ပြုတ်ရတာ အမေလဲ အသက်လေးရလာတော့ မောတယ်ကွယ်။"

အမေ့ ထမင်းကြော်လေးက ကြာညို့၊ နနွင်းအသင့်အတင့်နှင့် ကြက်သွန်ဖြူခေါးပြားရိုက်ကာအုပ်ကြော်ထား၍ မွှေးပျံ့လျက်။ ကြက်ဥ ဟတ်ဘရိုက်ကြော်၊ ကြက်သွန်နီပါးပါးလှီးကာ ငရုတ်သီးစိမ်း၊ သံပရာရည်ညှစ်သုပ်ထားသည်က စားချင့်စဖွယ်။ ကျွန်တော် ထမင်းကြော်ပန်းကန်ချူးပြီး စားပွဲပေါ်အချ၊ အဖေက ဝင်လာကာ-

"သားငယ်ရေ။ မင်းအမေက မောမှာပေါ့ကွာ အိမ်အကူ ခေါ်ထားလဲ စိတ်တိုင်းမကျရင် ပြန်လွှတ်နေတော့ သူ့စိတ်တိုင်းကျသူကတော့ ရှိမယ် မထင်ပါဘူးကွာ"

အမေရဲ့ မကြည် ကြည့်ကြောင့် အဖေ ထပ်မပြောရဲတော့ပါ။ အမေဆိုသည်ကလည်း အဖေနှင့် အိမ်ထောင်ကျပြီးကတည်းက တစ်ဖက်တစ်လမ်းဝင်ငွေရှာခဲ့သည်မှာ ယခုထိပင်။ ရွာက လူများဆီမှ စပါး၊ ပဲကြိုပေးများဝယ်။ သီးနှံပေါ်ချိန်တွင်လည်း ရွာသို့ညအိပ်သွားနေကာ သီးနှံများကောက်ပွဲရုံသို့ ပြန်သွင်းနှင့် အမေ့ဝင်ငွေက နှစ်စဉ်မနည်းပါ။ ယခုတော့ အမေလည်းအသက်ကြီးပြီ။ အစ်ကိုကြီးနှင့် ကျွန်တော် ဝင်ငွေရှိနေပြီဖြစ်၍ အမေ့ကိုနားခိုင်းသော်လည်းမရ။ မျက်နှာသစ်ပြီး ရေမသုတ်ဘဲ ထမင်းစားပွဲ မထိုင်ခင် အမေ့ခါးကို တို့စ လိုက်သည့် အစ်ကိုကြီးကို-

"ဟဲ့ သားကြီး။ မင်းနော် အသက်ကကြီးနေပြီ။ ကပိုကရိုနေတာ တော်တော့။ မိန်းမ ယူတော့"

"ဟာဗျာ မိန်းမများ မယူချင်ပါဘူး။ နားပူဒဏ် မခံနိုင်ဘူး"

အဖေနှင့် ကျွန်တော်ပြုံးမိသည်။ ကြားနေကျစကားဖြစ်၏။ အစ်ကိုကြီးက အသက် ၃၅နှစ်ရှိပြီ။ ရည်းစားများသော်လည်း မိန်းမမယူချင်။ ကျွန်တော်ပင် အသက် ၃၀ ပြည့်တော့မည်။ မကြာခင် မိန်းမယူတော့ဟုသောစကားကို အမေက ကျွန်တော့်ကို ပြောလာတော့မည်ဖြစ်သည်။ ညီမလေး ငုဝါချိုက ၂၃နှစ်။ ဘွဲ့ရပြီး အလုပ်ရွေးနေသောကြောင့် ယခုထိ အလုပ်မရသေး။ အနေအေးကာ ကျန်းမာရေးချူချာသည်။ နံနက်ခင်းစာစားပြီးသည်နှင့် အဖေက လက်ဖက်ရည်ဆိုင်ထွက်သွားသည်။ အစ်ကိုကြီးက အမေ့ကို ဈေးသို့ပို့ခဲ့ပြီး ဘော်ဂါကျောက်ဝိုင်းသို့သွားသည်။

ကျွန်တော်က စာအုပ်ထိုင်ဖတ်တော့သည်။ ကျောင်းနှင့် အိမ်ကနီး၍ ကျောင်းချိန်နီးမှ ကျွန်တော် ကျောင်းသို့သွားတတ်သည်။ ကျွန်တော် ပညာရေးတက္ကသိုလ်တက်တော့ အမေ သဘောမတူပါ။ အဖေ့လို ခပ်ရိုးရိုးကျောင်းဆရာ မလုပ်စေချင်ခဲ့။ ကျွန်တော် အထက်တန်းပြဆရာအဖြစ် နယ်သို့ ပြောင်းရတော့ အမေငိုခဲ့သည်။ စစ်ကိုင်းမြို့ အထက်တန်းကျောင်းကို ကျွန်တော် ပြန်ပြောင်းလာမှသာ အမေကျေနပ်နေခဲ့သည်။ အမေ ငိုသည်ကို ထိုတစ်ကြိမ်သာ ကျွန်တော် မြင်ဖူးခဲ့သည်။

(၂)

ကျွန်တော် ကျောင်းကပြန်လာတော့ အမေက အဖေ့ကို စကားတိုးတိုးပြောနေသည်ကို မြင်လိုက်ရသည်။ အဖေလည်း မျက်နှာမကောင်းပါ။ အနည်းငယ်ထူးဆန်းနေသယောင်။ စကားကျယ်ကျယ် ပြောတတ်သောအမေ၊ အမြဲသွက်လက်သည့် အမေလည်း ညှိုးနွမ်းနေသယောင်။ ညစာ ထမင်းစားကြတော့ လူမစုံပါ။ အစ်ကိုကြီးက တစ်ခါတလေ မန္တလေးတွင် သူ့ကျောက်ဝယ်လက်များနှင့် သုံးလေးရက်နေတတ်သည်။

"အဖေကြီး။ ရှင့်သားကြီးကို ရအောင်စုံစမ်းနော်"

"အမေ အစ်ကိုကြီးဘယ်သွားလို့လဲ။ ဘာဖြစ်နေလို့လဲ"

"စား စား သားငယ်။ ပြီးမှ အဖေ ပြောပြမယ်"

ညီမလေးက သိနေ၍ထင်၏။ ခေါင်းငုံ့ကာ ထမင်းသာစားနေသည်။ ထို့နောက် အိမ်ရှေ့ဝရန်တာတွင် ထိုင်နေသော အဖေ့အနားတွင် ကျွန်တော် ဝင်ထိုင်ရင်း"

"ဘာတွေဖြစ်နေလဲ အဖေ။ အစ်ကိုကြီး ပြဿနာဖြစ်လို့လား"

"အေးကွာ အဖေတို့တော့ ခေါင်းကို ဆင်နင်းသလိုပါပဲ။ မိသားစု အရှက်ရတော့မယ်ထင်ပါရဲ့"

"ဗျာ ရှင်းအောင်ပြောပြပါ အဖေ"

ကျွန်တော် ထိတ်လန့်စွာမေးမိသည်။ သိက္ခာရှိသော အဖေ။ စည်းကမ်းကြီးသော အမေ။ သိမ်မွေ့လွန်းသော ညီမလေး။ ကိုယ်ကျင့်တရားကို အလေးထားသော ကျွန်တော်တို့မိသားစု အရှက်ရစေတာမျိုးတော့ မဖြစ်စေချင်ပါ။

"အဖေတို့နဲ့ နှစ်အိမ်ကျော်က အိမ်၊ ခြံ၊ မြေပွဲစားလုပ်တဲ့ မုဆိုးမ မမြခင် သမီး အကြီးမနဲ့ မင်းအစ်ကိုကြီး ရည်ငံကြတယ်တဲ့"

"နှင်းဆီဖွေးဆိုတဲ့ ကောင်မကလေးလား"

"အေးလေကွာ။ မင်းညီမနဲ့မှ ရွယ်တူလေ။ ဆယ်တန်းလဲ မအောင်၊ နည်းနည်း အနေအထိုင်မတတ်တဲ့ ကောင်မကလေး ဆိုလားကွာ"

"အစ်ကိုကြီးဗျာ။ အဲဒီကောင်မကလေးကို တကယ်ကြိုက်ရင်လဲ ယူလိုက်ပေါ့။ အခုက ဘာဖြစ်လို့လဲ"

"အခုက ကောင်မကလေးမှာ ကိုယ်ဝန်နှစ်လရှိပြီတဲ့။ မင်းအစ်ကိုကြီးက တာဝန်မယူဘူး။ သူနဲ့ရတာ မဖြစ်နိုင်ဘူးဆိုပြီး အိမ်က ထွက်သွားတာ။ မမြခင်က မင်းအမေကို လာပြောတယ်။ ထွန်းတောက်နဲ့ရတာတဲ့။ သူ့သမီးနဲ့ ထွန်းတောက် ဘယ်တွေသွားခဲ့ကြလဲ သက်သေတွေရှိတယ်တဲ့။ တာဝန်မယူရင် တရားစွဲမယ်တဲ့ကွာ"

"အစ်ကိုကြီးဗျာ။ နမသားချင်းစာနာတတ်ရမယ် ဆိုတာ ကျွန်တော် အမြဲသတိပေးနေသားနဲ့"

ကျွန်တော်လည်း အစ်ကိုကြီး ဘယ်ထွက်သွားလည်း သူ့မိတ်ဆွေများထံ လိုက်စုံစမ်းသည်။ ဖုန်းစက်ပိတ်သွားကာ တရုတ်ပြည်ဘက်ကူးသလိုလို၊ ထိုင်းဘက်ထွက်သွားသလိုလိုနှင့် ရေရေရာရာစုံစမ်း၍မရ။

(၃)

"ဘယ်လို လုပ်ကြမလဲ မထက်ရယ်။ ကျွန်မ သမီးဗိုက်က ဖုံးထားလို့ရမှာ မဟုတ်ဘူး။ သမီးလဲတငိုငိုနဲ့။ ထွန်းတောက်က အတည်ယူမယ်ဆိုလို့ သူလိုက်ရောခဲ့တာပါတဲ့။ အခုလို ရှောင်ထွက်သွားတာ မကောင်းပါဘူး။ နှစ်ဖက်စလုံး အရှက်ရတာမျိုးမဖြစ်ချင်ပါဘူး"

"ကျွန်မတို့လဲ စုံစမ်းနေတာပါ မမြခင်။ ဒီကိစ္စ လူမသိပါစေနဲ့အုံးရှင်"

"ကျွန်မက လူသိမှာ ပိုကြောက်ပါတယ်။ အမျိုးတွေမဆိုထားနဲ့ သမီးအငယ်တွေကိုလဲ အသိမပေးပါဘူး။ လုပ်ပါအုံး မထက်ရယ်။ ဖွေးဖွေးက အစ်ကိုကြီးပြန်မလာရင် အရှက်ကွဲတော့ မခံနိုင်ဘူး။ သေလိုက်မယ်ပဲပြောနေတာ။ အဟင့် ဟင့်"

ငိုရင်းပြောနေသည့် ဒေါ်မြခင်ကို အမေက စာနာစွာ ကြည့်နေသည်။

"အဒေါ် တစ်လလောက်တော့ အချိန်ပေးပြီး စိတ်အေးအေးထားပေးပါဗျာ။ ကျွန်တော် အစ်ကိုကြီးကို ရအောင်စုံစမ်းပါ့မယ်။ အဆင်ပြေအောင်လုပ်ပေးပါ့မယ်"

"အေးပါကွယ်။ ကျောင်းဆရာလေးကို အားကိုးပါတယ်။ ပြန်တော့မယ် မထက်ရယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ မမြခင်"

ပျာပျာသလဲနှင့် ဒေါ်မြခင်ကို ခြံပေါက်ဝထိ လိုက်ပို့ပေးသည့် အမေ့ကို ကြည့်ပြီး ကျွန်တော်သနားမိသည်။ ဆွေမျိုးများကိုပင် အောက်ကျမခံတတ်သော အမေ။ စကားနည်းသည်ထက် နည်းသွားသော အဖေ။ အိမ်အပြင်ကို မထွက်တော့သော ညီမလေး။

"ဟူး. . . ."

ကျွန်တော် အကြိမ်ကြိမ် သက်ပြင်းသာချမိသည်။ အစ်ကိုကြီး မိတ်ဆွေများရှိရာ မူဆယ်ဘက်သို့ ကျွန်တော်သွားစုံစမ်းလည်းသတင်းမရခဲ့ပါ။ တစ်ညနေမှာ ဒေါ်မြခင်ကို ခွင့်တောင်းပြီး နှင်းဆီဖွေးနှင့် စကားပြောကြည့်သည်။

"ဖွေးဖွေး မယုံလို့ မဟုတ်ပေမဲ့ အစ်ကိုကြီးနဲ့ ရတာ သေချာလားဆိုတာ ကိုထက် သိချင်တယ်"

"အဟင့် ဟင့်။ ဖွေးဖွေး ရည်းစားများခဲ့ပေမဲ့ ဘယ်သူနဲ့မှ မဖြစ်ခဲ့ပါဘူး။ အစ်ကိုကြီးကို တကယ်ချစ်လို့ လိုက်လျောခဲ့တာပါ။ ဖွေးဖွေးတို့ဘယ်တွေသွားခဲ့လဲ ကိုထက် စုံစမ်းပြီးပြီမလား။ ပြီးတော့ ဒီမှာကြည့်"

ဖွေးဖွေးက သူ့ဖုန်းထဲမှ သူနှင့်အစ်ကိုကြီး ဖက်ရိုက်ထားသည့် ဓာတ်ပုံများကို ပြသည်။ ပုံမှန်မဟုတ်သော အခြေအနေကို အထင်းသားမြင်ရသော ဓာတ်ပုံများကြောင့် ကျွန်တော်ပင် ထူပူမိသည်။ နှင်းဆီဖွေးကို အညာလွယ်သောမိန်းကလေးဟု အပြစ်မတင်ရက်ပါ။

စာမျက်နှာ ၂၆သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၃၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၃၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၆၃၂ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၃၇၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ နှမ်းကေ ၂၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ကေ ၇၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ချောက်မြို့နယ် တောင်နောက်ကျေးရွာ၌ မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖူးငုံနှင့် အင်ဂျင်နီယာဝန်ထမ်းများက တောင်နောက်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောက်မြို့နယ် တောင်နောက်ကျေးရွာ၌ အလျားပေ ၁၅၀၊ အနံပေ ၁၅၀၊ အနက် ငါး ပေရှိ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၁ ဒသမ ၂၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ်မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ၂၈၈ အိမ်မှ လူဦးရေ ၁၃၄၀နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့အတွက် သောက်ရေ၊ သုံးရေများဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နော်လူး**



➤ စာမျက်နှာ ၂၅ မှအဆက်

စာနာတရားမရှိသည့် အစ်ကိုကြီးကိုသာအပြစ်တင်မိသည်။ ညကျတော့ မိသားစုဆွေးနွေးကြရင်း အမေငိုသည်။ အမေ ဒုတိယအကြိမ်ငိုသည်ကို မြင်ရသည်။

(၄)

"ဘာ ဖိတ်စာပြပြီးမှ မောင့်ကို ခွင့်လွှတ်ပါတဲ့လား။ မလွန်ဆန်နိုင်တဲ့ အကြောင်းတရားတွေ ဟုတ်လား။ မေ့ကို လှည့်စားရက်တယ်"

ကျွန်တော် သိပ်ချစ်ရသည့် မေပုလဲခင်ကို မကြည့်ရဲပါ။ မယုံနိုင်သည့် စိတ်၊ နာကျင်ခံပြင်းနေသော သူ့စကားက ကျွန်တော့် ရင်မှာလည်း ကြေမွနေသည်ကို သူမသိနိုင်။

"ရပြီ မောင်။ မောင့် ကိုယ်ကျင့်တရားကို အထင်ကြီးလေးစားမိတဲ့ မေ့အပေါ် လှည့်စားရက်တဲ့မောင့်ကို တစ်ခုပဲ ဆုတောင်းပေးပါ့မယ်။ မောင် ပျော်ရွှင်ပါစေ"

လှုံးခြေလိုက်သည့် ကျွန်တော့် မင်္ဂလာဆောင်ဖိတ်စာကို စားပွဲပေါ် ပစ်ချပြီး ဆိုင်ကယ်မောင်းထွက်သွားသည့် မေ့နောက်ကျောမှာ ကျွန်တော့် ကိုယ်ကျင့်တရားနှင့် ချစ်ခြင်းအားလုံးပါသွားပါပြီ။ ရောဝတီမြစ်ကမ်းက ဆုံစည်းရာလက်ဖက်ရည်ဆိုင်၏ အရှေ့ထောင့်ဆုံးစားပွဲမှာ ထိုင်ရင်း ကျွန်တော်နှင့် မေ စနေနေ့ ညနေခင်းတိုင်း ဆုံတွေ့နေကျ။ ကျောင်းဆရာမလေး မေ့ရင်ထဲတွင် ဘယ်လောက်နာကျင်နေမလဲဟု ကျွန်တော် မတွေးရဲ။ သည်စနေနေ့ ညနေခင်းလေးမှာတော့ ဆုံစည်းရာက လမ်းခွဲရာဖြစ်ခဲ့ရပြီ။ ဒေါ်မြခင်၏အလိုကျ မင်္ဂလာပွဲကို မြို့အလယ်က အောင်ထူးခန်းမတွင် ကျင်းပသည်။ စည်ကားလှသော ဧည့်သည်များထဲတွင် မေပုလဲခင် မပါဝင်ပါ။

ညှိုးငယ်နေသော သတို့သမီးလေး ဖွေးဖွေးကို-

"ဖွေးဖွေး ဘာမှ ဝမ်းနည်းမနေနဲ့တော့နော်။ လောကကြီးထဲ ရောက်လာမဲ့ ကိုထက်တို့ရဲ့ မျိုးဆက်လေးကို ထွန်းတောက်လာအောင် မွေးမြူပြုစုပေးရမယ်လေ။ ကိုထက်က ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးမှာပါ။ အခု ဧည့်သည်တွေကို ဧည့်ခံရအောင်။ ဖွေးဖွေးလက်ကလေး ကိုထက်ကို ခဏပေးပါ"

ကမ်းလင့်လာသည့် မိခင်လောင်း သတို့သမီးလေး၏လက်ကလေး နွေးထွေးအားတက်စေရန် ကျွန်တော့် လူပျိုဂုဏ်ရည်ကို လက်ဖဝါးထဲ ထည့်ပြီး မြုပ်နှံလိုက်ပါပြီ။

## သတင်းစကား အမှန်းမပွားစေချင်

- လှုနယ်ပယ် သတင်းစကား
အဖျင်းမများဖို့ တို့စွမ်းဆောင်၊
လူတိုင်းမှာ တာဝန်အသိနဲ့
သတိထူထောင်၊
စကားကျွံက မှုန်းမီးလောင်
အတုအယောင် သူ့အုပ်စိုး၊
အတွေးအခေါ် တိမ်းချော်ပျက်မယ့်
ဘေးထွက်ဆိုးကျိုး။

- သတင်းအမှန် တည်စေပျိုးလို့
ဂုဏ်မညှိုးကွဲ့ မီဒီယာ၊
ကိုယ့်ရေမြေ မပျက်ယွင်းအောင်
ကောင်းခြင်းဆောင်ပါ၊
ကောလာဟလ ရှောင်ဖယ်ခွာ
မြဲလိုက်နာ ဝေမျှကြ၊
သတင်းဆိုင်ရာ"ဘ" ခြောက်လုံးရယ်နဲ့
သတိဆောင်မှ။

- မြင့်မားစေ လူမှုဘဝ
အတ္တကင်းလို့ မေတ္တာကူ၊
သွေးရင်းချာနှယ် ပေါင်းဖက်လို့
ကောင်းကွက်ရှာယူ၊
နားလည်မှု မဏ္ဍိုင်ထူ
စိတ်သဏ္ဍာန်ဖြူ ဖွေးကာလက်၊
ချင့်ချိန်ကာ အယူမတိမ်းရင်ဖြင့်
ငြိမ်းချမ်းမည့်ရက်။ ။

**မင်းသူရိန်(သာကီနွယ်)**

# သထုံမြို့နယ် ကျုံပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ ဇွန် ၇**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံပါကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျုံပါကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ် ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# တောတောင်ရေမြေစိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

❖ စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်၊ သစ်တော ပေါများသောဒေသရှိ ပြည်သူများသည် မျှတသည့် ရာသီဥတုကိုသာ ကြုံတွေ့ခံစားကြရသည်။ ❖

ယခုနှစ်နွေရာသီတွင် စံချိန်တင်အပူချိန်မြင့်တက်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့တချို့သည် ကမ္ဘာ့အပူဆုံးမြို့ကြီးများစာရင်းတွင် ပါဝင်ခဲ့သည်။ သစ်ပင်သစ်တောများပြုန်းတီးလာပြီးကမ္ဘာကြီးပူနွေးလာသည့် အကျိုးဆက်ကြောင့် နွေရာသီအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ချောက်မြို့သည် ယခုဆိုလျှင် အပူချိန် ၄၇ ဒီဂရီဆဲလ်စီယပ်ပင်ကျော်နေပြီဖြစ်သည်။ လူတစ်ဦးသည် အပူချိန် ၃၈ ဒီဂရီဆဲလ်စီယပ်ကျော်လွန်လာလျှင် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ခံစားလာရပြီဖြစ်သည်။ ထို့ကြောင့် တောတောင်ရေမြေစိမ်းလန်စိုပြည်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားသင့်ပေသည်။

**ကြိုတင်ပြင်ဆင်ထားရန်လို**

ယခုဆိုလျှင် နိုင်ငံတစ်ဝန်းသို့ မုတ်သုံလေဝင်ရောက်နေပြီဖြစ်သည့်အတွက် မိုးရွာသွန်းလျက်ရှိသည်။ မိုးရာသီတွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်ရန်အတွက် နွေရာသီကတည်းက ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ရတနာတန်းဝင်အပင်များ၊ စားပင်၊ သီးပင်များ၊ လေကာ၊ ရေကာအပင်များစသည်ဖြင့် စုံလင်အောင်ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင်ပျိုးအိတ်ဖြင့်လည်းကောင်း၊ ပျိုးပေါင်လုပ်၍လည်းကောင်း သင့်လျော်သလိုပျိုးထောင်နိုင်သည်။ ပျိုးပင်ရှင်သန်ဖြစ်ထွန်းရေးအတွက် စနစ်တကျပြုစုရန်လိုသည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသောအပင်များကို ပိုမိုစိုက်ပျိုးထားသင့်သည်။ ဥပမာ- ကျွန်းပင်နှင့် စိန်တလုံးသရက်ပင်များသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

သစ်ပင်စိုက်ပျိုးမည့်နေရာကို နွေရာသီကတည်းက ပေါင်းရှင်းထားသင့်ပေသည်။ ထို့နောက် စိုက်ပျိုးမည့် အပင်အမျိုးအစားအပေါ်မူတည်၍ သင့်လျော်သည့် အကွာအဝေးတွင်မြေကျင်းများ တူးထားသင့်သည်။ မြေကျင်းကို အနည်းဆုံး အကျယ် နှစ်ပေပတ်လည်၊ အနက် တစ်ပေ ခန့် တူးထားသင့်ပေသည်။ ထို့နောက် မြေကျင်းထဲတွင်နွားချေး၊ ဆိတ်ချေးနှင့် အခြားသောမြေဆွေးများထည့်ပြီး နှပ်ထားသင့်သည်။

မိုးဖြိုင်ဖြိုင်ကျသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်သည်။ ဇွန်လဆန်းတွင် စိုက်ပျိုးထားသည့် အပင်များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရှင်သန်ဖြစ်ထွန်းလေ့ရှိသည်။ ပျိုးပင်များကို သစ်ပင်စိုက်ပျိုးမည့်နေ့ရောက်မှသာ ပျိုးပေါင်မှနုတ်ယူသင့်သည်။ ပျိုးပင်များကို နေအေးသည့်အချိန်နှင့် နံနက်စောစောအချိန်များတွင်သာ နုတ်ယူသင့်သည်။ တစ်ရက်ကြိုတင်၍ နုတ်ထားမည်ဆိုလျှင် ရှင်သန်ဖို့ရန် အခွင့်အလမ်းနည်းသည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်ထားသောအပင်များကိုမူ ညနေပိုင်းလောက်ကတည်းက စိုက်ပျိုးမည့်ကျင်းများဘေးတွင် ကြိုတင်ချထား၍ ရနိုင်သည်။ အရေးကြီးဆုံးအချက်သည် ပျိုးပင်များသယ်ယူရာတွင် အထူးဂရုစိုက်ရန်လိုသည်။ ပျိုးပင်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်ပြီး ကားပေါ်သို့ ဖြစ်သလိုပစ်တင်ခြင်း၊ ကားပေါ်မှဖြစ်သလိုပစ်ချခြင်းများပြုမည်ဆိုလျှင် ပျိုးပင်များနာသွားမည်ဖြစ်သည်။ ထို့ကြောင့် ပျိုးပင်များရွှေ့ပြောင်းရာတွင် စနစ်တကျဆောင်ရွက်ရန်လိုသည်။

**ရှင်သန်ဖြစ်ထွန်းရန်လို**

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကိုဓားနှင့်စနစ်တကျခွဲပြီး မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖို့ပြီးစိုက်ခဲ့သင့်သည်။ မြေကျင်းကိုလည်း စနစ်တကျတူးရန်လိုအပ်သည်။ အထူးသဖြင့် ကျင်းထဲတွင် ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန်လိုအပ်သည်။ ပျိုးပင်များကို ရေဗွက်ထဲ၌ပင် ဖြစ်သလို စိုက်ထားခဲ့မည်ဆိုလျှင် ထိုအပင်မျိုးသည် ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးနေသည်။

စင်စစ်အားဖြင့် သစ်ပင်တစ်ပင်ကိုချက်ချင်း စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့်စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင် ချက်ချင်းကျင်းတူး၍ စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည် အလားအလာနည်းနေမည်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးထားသည့်အပင်ကို တစ်နှစ်ပတ်လုံးပစ်ထားမည်ဆိုလျှင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းမရှိဘဲ နွေရာသီတွင် ရေငတ်၍ သေဆုံးသွားမည်ဖြစ်သည်။ ထို့ပြင် မိုးရာသီတွင် စိုက်ပျိုးထားသောသစ်ပင်များကို နွေရာသီတွင် တောမီးထဲပါမသွားစေရေး ပြုစုစောင့်ရှောက်သွားရန်လိုအပ်သည်။

**မွန်မြတ်သောအလုပ်**

အမှန်တော့မည်သည့်အလုပ်တွင်မဆို တာဝန်ပေး၍လုပ်ရသည်ဖြစ်စေ၊ မိမိစိတ်ဆန္ဒအရလုပ်သည်ဖြစ်စေ အပြုသဘောဆောင်သည့်စိတ်ဓာတ်ရှိရန်လိုသည်။ သို့မှသာလျှင် မိမိလုပ်သောအလုပ်သည် အောင်မြင်မှုရရှိနိုင်ပေသည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း စေတနာထား၍သာစိုက်ပျိုးခဲ့မည်ဆိုလျှင် ထိုသစ်ပင်သည် မရှင်စရာအကြောင်းမရှိချေ။ ထိုသစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်မည်ဆိုလျှင် နောင်လာနောက်သားများအတွက်သာမက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်းရောက်သောကြောင့် ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းကို မွန်မြတ်သောအလုပ်ဟု သဘောထားကာ ကြည်သာရွှင်ပျစွာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားသင့်သည်။

**စိမ်းလန်းစိုပြည်ရေးဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "နိုင်ငံတော်အစိုးရအနေဖြင့် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ချောက်မြို့နယ်နှင့် ကားလမ်းဘေးဝဲယာများတစ်လျှောက် သစ်ပင်သစ်တောများစိုက်ပျိုးနိုင်ရေးနိုင်ငံတော်မှလည်း အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူဒေသခံများအနေဖြင့် မိမိတို့၏ အိမ်ခြံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်များတွင်လည်း သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း"ချောက်မြို့ရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် လမ်းညွှန်မှုပြုခဲ့သည်။

အထူးသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်သည်။ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခရိုင်တွင် အထူးစီမံချက်ဖြင့် တစ်ရွာလျှင် နှစ်ဧကရှိသော ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများတည်ထောင်ပေးသွားမည်ဖြစ်သည်။ စိုက်ပျိုးမည့်သစ်မျိုးများကိုလည်း ပျိုးပင်သက်တမ်းနှစ်နှစ်အထက်၊ ပျိုးပင်အမြင့် နှစ်ပေ အထက်ရှိသည့်ဒေသမျိုးရင်းသစ်မျိုးနှင့် အရိပ်ရလေကာသစ်မျိုးများကို တစ်ပင်စိုက်တစ်ပင်ရှင်အောင် တစ်ရွာလျှင် ဝန်ထမ်းတစ်ဦးသတ်မှတ်တာဝန်ပေးပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံကျေးရွာလူထုအနေဖြင့်လည်း မိမိတို့ရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေး အတူတကွပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**သစ်ပင်၏အကျိုးကျေးဇူးများ**

စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်၊ သစ်တောပေါများသော ဒေသရှိပြည်သူများသည် မျှတသည့်ရာသီဥတုကိုသာ ကြုံတွေ့ခံစားကြရသည်။

ထို့ပြင် သစ်ပင်စိုက်ပျိုးခြင်းသည် လတ်တလောအကျိုးကျေးဇူးများအပြင် အနာဂတ်မျိုးဆက်သစ်များအတွက်လည်း များစွာသောအကျိုးတရားများကိုရရှိစေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကာကွယ်နိုင်ခြင်း၊ လေထုကို သန့်စင်ပေးနိုင်ခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်း၊ စွမ်းအင်ထိန်းသိမ်းနိုင်ခြင်း၊ ပတ်ဝန်းကျင်ကို အေးမြစေခြင်း၊ ရေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း၊ ရေအရင်းမြစ်ကို ထိန်းထားနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများစွာကိုဖန်တီးပေးနိုင်ခြင်း၊ စားနပ်ရိက္ခာဖန်တီးပေးခြင်း၊ ဆူညံသံများကိုလျှော့ချပေးနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှကာကွယ်ပေးနိုင်ခြင်း၊ လောင်စာနှင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပေသည်။

**သစ်တောများပြုန်းတီးမှု၏ဆိုးကျိုးများ**

ဆိုရလျှင် ဤကမ္ဘာမြေကြီးဟန်ချက်ညီစွာ ရပ်တည်နေနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာပါဝင်သော ဂေဟစနစ်ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။ ထိုဂေဟစနစ်သည် လူသားတို့၏ ပယောဂကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ အထူးသဖြင့် သစ်ပင်များကို လွန်ကဲစွာခုတ်ယူနေကြသောကြောင့်ဖြစ်သည်။ ထို့ပြင် ရှားပါးမျိုးစိတ်များကိုပါ သတ်ဖြတ်ရောင်းချနေကြသဖြင့် ဂေဟစနစ်သည် တစ်နေ့တခြား ပိုမိုဆုတ်ယုတ်လာနေပြီဖြစ်သည်။ ဂေဟစနစ်တစ်ခုလုံးအတွက် အခြေခံအကျဆုံးသည် သစ်ပင်များပင်ဖြစ်သည်။ သက်ရှိသတ္တဝါအားလုံးသည် သစ်ပင်များပေါ်တွင် မှီတည်နေကြရသည်။

သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ် များစွာသောဆိုးကျိုးများကို သက်ရောက်စေနိုင်သည်။ အထူးသဖြင့်စက်ရုံ၊ အလုပ်ရုံများမှထုတ်လွှတ်လိုက်သော အခိုးအငွေ့များကို စုပ်ယူနိုင်စွမ်းမရှိသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက် ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လာသဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများသေကျေပျက်စီးကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်လာစေပါသည်။

**တောတောင်ရေမြေစိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

စင်စစ်အားဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်လို သဘောထားသင့်သည်။ ထို့ကြောင့် မိုးရာသီတွင်ဦးစီးရုံးများ၊ ဝန်ကြီး ဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များပြုလုပ်သွားသင့်သည်။ သို့မှသာလျှင် ပြုန်းတီးသွားသောသစ်ပင်များနေရာတွင် အတိုင်းအတာတစ်ခုထိ အစားထိုးနိုင်မည်ဖြစ်သည်။ ဆိုရလျှင် သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သက်ရှိလောကတည်မြဲရေးတို့အတွက်များစွာ အရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် တောတောင်ရေမြေစိမ်းလန်းစိုပြည်ရေး၊ ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးနှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်ရေးတို့တွင် များစွာအထောက်အကူဖြစ်စေမည့် သစ်တောသစ်ပင်များ ပိုမိုရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၆၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၆၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၆၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ပျိုးထောင်စိုက်ပျိုးမည်ဖြစ်ကာ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

“ကလေးဝမြို့နယ်မှာ လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၈၆၃၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စပါးဧက လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ”ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးဝမြို့နယ်တွင် ဧရာမင်း၊ ဆင်းသုခ၊ ဆင်းဧကရီ(၃)၊ ပုလဲသွယ်၊ ရွှေဘိုပေါ်ဆန်းနှင့် ဒေသမျိုးစပါးများကိုအဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်စေရေး နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ရုံးပင်ဇောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာအုပ်စု ရုံးပင်ဇောင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရုံးပင်ဇောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၈ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ်၂၂ ဒသမ ၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘုံလှ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ မေ ၃၁ ရက်ထိ မျှင်ငါးပိ ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဖျာပုံမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ယခုလက်ရှိမှာလဲ ဝယ်ယူမှုတွေက များပြားနေပါတယ်။ မျှင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလဲကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ ပြန်ပြီးအရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတယ်”ဟု ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများ၏ ပင်လယ်ပြင်မှ ရရှိသောမျှင်ကောင်များကိုဝယ်ယူပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇွန် ၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကော့ကျိုက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုး၊ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကော့ကျိုက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)က ရေရရှိရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ၌ အရှည် ပေ ၄၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၁၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် မေ ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကော့ကျိုက်ကျေးရွာရှိ အိမ်ခြေ ၇၂ အိမ်၊ လူ ၄၇၆ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**



# တောင်တွင်းကြီးမြို့နယ် ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တောင်တွင်းကြီး ဇွန် ၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကြီးကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခတ်မွန်းလျန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပျဉ်းမကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခတ်မွန်းလျန်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ နှစ်ပေနှင့် မြေနီကျောက်စရစ် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၉သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းရာနှုန်းပြည့်ပြီးစီးပါက ပျဉ်းမကြီးကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူ ၁၀၉၇ဦးတို့၏ လယ်ယာဧက ၅၀၀ တို့မှ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီအလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# ဟိမဝန္တာတောင်တန်းတွင် နှင်းမုန်တိုင်းကြောင့် ရေခဲတောင်နှင်းလျှောစီးသူ ကိုးဦး သေဆုံးခဲ့



**နယူးဒေလီ ဇွန် ၇**

ဟိမဝန္တာတောင်တန်း၌ နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် အပျော်တမ်းရေခဲတောင်နှင်းလျှောစီးသူ ကိုးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးခဲ့သူများမှာ အိန္ဒိယနိုင်ငံသားများဖြစ်ကြပြီး အိန္ဒိယကယ်ဆယ်ရေးဝန်ထမ်းများက ရဟတ်ယာဉ်များဖြင့် နှင်းမုန်တိုင်းဒဏ်သင့် နှင်းလျှောစီးသူများကို သွားရောက်ကယ်ဆယ်ပေးခဲ့ရာ သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကိုလည်း ရဟတ်ယာဉ်များဖြင့် သယ်ဆောင်ပြီး သက်ဆိုင်ရာသို့ အပ်နှံပေးခဲ့ကြောင်း၊ နှင်းမုန်တိုင်းဒဏ်သင့် ရေခဲတောင်နှင်းလျှောစီးသူများကို အိန္ဒိယလေတပ်မှ တပ်မတော်သားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရေခဲတောင်နှင်းလျှောစီးသူ ၁၀ ဦးကို အသက်ရှင်လျက် ကယ်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဟိမဝန္တာတောင်တန်းဘက်မှာ အခုချိန်ရာသီဥတုမတည်ငြိမ်ပါဘူး။ ဆီးနှင်းကျဆင်းမှုနှုန်း မြင့်မားနေပြီးတော့ လေတိုက်နှုန်းတွေလဲမြင့်မားနေတယ်။ ဆီးနှင်းကျဆင်းမှုနဲ့ လေတိုက်နှုန်း မြင့်မားမှုကြောင့် အရမ်းကို အန္တရာယ်များတဲ့ အခြေအနေဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ ရေခဲတောင်နှင်းလျှောစီးတာဟာ အရမ်းကို အန္တရာယ်များပါတယ်။ နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကာနာတာကာပြည်နယ်က ဒေသခံ ကိုးယောက် သေဆုံးသွားခဲ့ပါတယ်"ဟု ကာနာတာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂေါဒါက ပြောကြားခဲ့သည်။

ဝါသနာရှင်အဖွဲ့ဝင် ၁၉ ဦး ပါဝင်သည့် နှင်းလျှောစီးသူများအဖွဲ့သည် လမ်းပြသုံးဦးနှင့်အတူ ဟိမဝန္တာတောင်တန်းတွင် နှင်းလျှောစီးခဲ့ခြင်းဖြစ်ပြီး ရာသီဥတုအခြေအနေ မကောင်းကြောင်းကို လမ်းပြသုံးဦးက သတိပေးခဲ့သော်လည်း လက်မခံခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# သန့်ရှင်းသောစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ထရီလီယံထိ ရောက်ရှိတော့မည်ဖြစ်ကြောင်း IEA ထုတ်ပြန်

**ပဲရစ် ဇွန် ၇**

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သန့်ရှင်းသောစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံအသီးသီးက ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် သန့်ရှင်းသောစွမ်းအင်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ နှစ်ထရီလီယံထိ ရောက်ရှိတော့မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ(IEA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရင်းနှီးမြှုပ်နှံမှုများမှာ ရပ်တန့်သွားခြင်းမရှိသေးဘဲ အင်အားကြီးနိုင်ငံအများစုမှာ သန့်ရှင်းသောစွမ်းအင်ကဏ္ဍကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဆောင်ရွက်နေသဖြင့် သန့်ရှင်းသော စွမ်းအင်ကဏ္ဍအတွက် ၂၀၂၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ နှစ်ထရီလီယံထိ ရောက်ရှိသွားနိုင်ကြောင်း IEA က ထုတ်ပြန်ခဲ့သည်။

"ဒီနေ့ခေတ်မှာ ရုပ်ကြွင်းလောင်စာကဏ္ဍအတွက် အသုံးပြုနေကြတဲ့ ပိုက်ဆံတစ်ဒေါ်လာရှိတယ်ဆိုရင် သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ပြီးပြုလုပ်နေတဲ့ ပိုက်ဆံက နှစ်ဒေါ်လာရှိနေတယ်။ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍအတွက် သုံးစွဲနေတဲ့ငွေကြေးပမာဏ မြင့်တက်လာတယ်။ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေနဲ့ပတ်သက်ပြီး စစ်တမ်းတွေကောက်ယူကြည့်တော့ ၂၀၂၄ ခုနှစ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ထရီလီယံထိ ရောက်တော့မယ်"ဟု IEA ၏ အမှုဆောင်ချုပ် ဖာတီဟ်ဘီရိုလ်က ပြောကြားခဲ့သည်။

အင်အားကြီးနိုင်ငံများက ဦးဆောင်ကာ သန့်ရှင်းသောစွမ်းအင်ကဏ္ဍကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားများ၊ နျူကလီးယားဓာတ်ပေါင်းဖိုများ၊ ကာဗွန်ထုတ်လွှတ်မှုသိုလှောင်ရုံများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဆိုင်ရာ နည်းပညာများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံ မောင့်အိုင်ဘူမီးတောင် တစ်ရက်တည်းတွင် သုံးကြိမ်ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ ဇွန် ၇**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မောင့်အိုင်ဘူမီးတောင်သည် ဇွန် ၆ ရက်တစ်ရက်တည်းတွင် ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားဘူမိဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်း မာလူကူပြည်နယ် ဟယ်မာဟီရာကျွန်းပေါ်ရှိ မောင့်အိုင်ဘူမီးတောင်သည် ဇွန် ၆ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင် တစ်ကြိမ်၊ နံနက် ၇ နာရီ ၄၆ မိနစ်တွင်တစ်ကြိမ်နှင့် နံနက် ၈ နာရီ ၁၁ မိနစ်တွင်တစ်ကြိမ် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများ ကောင်းကင်ထက်သို့ ငါးကီလိုမီတာထိ မီးခိုးပြာများလွင့်စဉ်ခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်နှင့် လေးကီလိုမီတာမှ ခုနစ်ကီလိုမီတာအကွာတွင် နေထိုင်သူများနှင့် ခရီးသွားများကို အပြင်ထွက်သည့်အခါ နှာခေါင်းနှင့် ပါးစပ်များကို ဖုံးအုပ်ထားရန် အင်ဒိုနီးရှားဘူမိဗေဒအေဂျင်စီက သတိပေးထားကြောင်း သိရသည်။



မောင့်အိုင်ဘူမီးတောင်သည် ပြီးခဲ့သည့်လကလည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ရွာပေါင်းများစွာမှ ဒေသခံများကို အာဏာပိုင်များက ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကာ မီးတောင်တွင် ကြီးမားသော လှုပ်ရှားမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင့်အိုင်ဘူမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ လှုပ်ရှားမှုအရှိဆုံး မီးတောင်များထဲတွင်တစ်ခုအပါအဝင်ဖြစ်ပြီး ယခင်နှစ်ကလည်း အကြိမ်ရေ ၂၁၀၀၀ ကျော် ပေါက်ကွဲမှုဖြစ်ပွားခဲ့သေးကြောင်း၊ မီးတောင်ဆိုင်ရာ အန္တရာယ်သတိပေးချက် အဆင့် လေးဆင့်တွင် အမြင့်ဆုံးအဆင့်ထိ တိုးမြှင့်ထားရကြောင်း၊ ယခု မီးတောင်ပေါက်ကွဲမှုကြောင့် လူအသေအပျောက်နှင့် ထိခိုက်ပျက်စီးမှုများ မရှိသေးကြောင်း အင်ဒိုနီးရှားဘူမိဗေဒအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# အီကွေဒေါ်နိုင်ငံ အမေဇုန်သစ်တောကြီးပိုင်းအနီးနေထိုင်သော ဌာနေတိုင်းရင်းသားများက Petroecuador ရေနံကုမ္ပဏီကို ဆန္ဒထုတ်ဖော်

**ကွီတို ဇွန် ၇**

အီကွေဒေါ်နိုင်ငံ အမေဇုန်သစ်တောကြီးပိုင်းအနီး နေထိုင်သော ဌာနေတိုင်းရင်းသားများသည် အမေဇုန်သစ်တောကြီးပိုင်းအနီး သဘာဝဓာတ်ငွေ့နှင့် ရေနံလုပ်ကွက်များကို တာဝန်ယူ ဆောင်ရွက်နေသည့် အစိုးရပိုင် Petroecuador ကုမ္ပဏီကို ကွီတိုမြို့တွင် ဇွန် ၆ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

ဌာနေတိုင်းရင်းသားများသည် Petroecuador ရေနံကုမ္ပဏီ၏ အမေဇုန်သစ်တောကြီးပိုင်းအနီး ဆောင်ရွက်နေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များကို ပိတ်သိမ်းပေးရန် တောင်းဆိုမှုများ ပြုလုပ်သွားခဲ့ကြောင်း၊ ဌာနေတိုင်းရင်းသားများသည် ၂၀၂၃ ခုနှစ်ကတည်းက အဆိုပါရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်များကို ပိတ်သိမ်းပေးရန် တောင်းဆိုခဲ့ပြီး တရားရုံးချုပ်တွင် တရားစွဲဆိုမှုများပြုလုပ်ခဲ့သော်လည်း တရားရုံးချုပ်က Petroecuador ကုမ္ပဏီ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များကို ပိတ်သိမ်းရေး အမိန့်ချမှတ်ရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။

"ဌာနေတိုင်းရင်းသားတွေအနေနဲ့ အမေဇုန်သစ်တောကြီးပိုင်းအနီးက ရေနံနဲ့သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်တွေကို ပိတ်ပေးဖို့ တောင်းဆိုထားတာကို တာဝန်ရှိသူတွေအနေနဲ့ လျစ်လျူရှုခဲ့ပါတယ်။ ဌာနေတိုင်းရင်းသားတွေရဲ့ လိုလားချက်က ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်တွေကို အပြီးတိုင်ပိတ်သိမ်းပေးဖို့လဲဖြစ်ပါတယ်။ ယာယီပိတ်သိမ်းတာမျိုးမဟုတ်ပါဘူး"ဟု ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်ရှေ့နေဖြစ်သူ ဂျင်ရီဆာလာဇာက ပြောကြားခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များကြောင့် ဌာနေတိုင်းရင်းသားများ၏ နယ်မြေများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ရှိနေပြီး အမေဇုန်သစ်တောကြီးပိုင်းကိုလည်း ထိခိုက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ဌာနေတိုင်းရင်းသားများက ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ထုတ်ပြန်

**ကင်ဘာရာ ဇွန် ၇**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ပြည်နယ်အရေးပေါ်ဝန်ဆောင်မှုဌာနက ကြေညာချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဆောက်ဝေးပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ဆစ်ဒနီမြို့တောင်ဘက်ရှိ မြို့များဖြစ်သော ပစ်တွန်မြို့နှင့် ချက်ပင်နော်တန်မြို့တို့တွင်နေထိုင်သည့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် ပြည်နယ်အရေးပေါ်ဝန်ဆောင်မှုဌာနက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"မြေနိမ့်ပိုင်း ဒေသတွေမှာ နေထိုင်သူတွေအနေနဲ့ ပြည်နယ်အရေးပေါ် ဝန်ဆောင်မှုဌာနက ထုတ်ပြန်တဲ့သတင်းတွေကို အမြဲလိုက်နာနေဖို့လိုအပ်သလို ရေကြီးရေလျှံမှုဖြစ်နေတဲ့လမ်းတွေပေါ်မှာ ယာဉ်မောင်းနှင် သွားလာမှုတွေ မပြုလုပ်ဖို့မှာချင်ပါတယ်"ဟု နယူးဆောက်ဝေးပြည်နယ်ဝန်ကြီးချုပ် ခရစ်မင်းက ပြောကြားခဲ့သည်။

ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဝန်ဆောင်မှုဌာနက ပစ်တွန်မြို့ရှိ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းအဆောက်အအုံများကို ရေလွှမ်းမိုးမှုကာကွယ်ရေး သဲအိတ်များချထားပေးခဲ့ပြီး ရေလွှမ်းမိုးမှုဖြစ်ပွားနိုင်သောလမ်းများ၊ တံတားများနှင့် မြေနိမ့်ပိုင်းရှိ နေအိမ်များကို ဘေးလွတ်ရာသို့ထွက်ခွာနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆစ်ဒနီမြို့အနောက်မြောက်ဘက်ရှိ ဟော့ခ်ဘူရီမြစ်နှင့် နေပီယန်မြစ်တို့တွင်လည်း မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဆီနီဂေါအသင်း၊ ဒီအာကွန်ဂိုအသင်း၊ တူနီးရှားအသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညမှာလဲ အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေရှိနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ အသင်းကြီးအများစုက အုပ်စုပထမနေရာကို ဦးဆောင်နေတာဖြစ်လို့ အားကစားပရိသတ်တွေ မျှော်လင့်ထားတဲ့အသင်းတွေပဲ တိုက်ရိုက်ဝင်ခွင့်ရဖို့သေချာနေပါတယ်။ အာဖရိကဇုန်က အသင်းငယ်တွေအနေနဲ့ အိမ်ကွင်းမှာရေကုန်ရေခန်းကစားပြီး ရမှတ်ရှာဖွေလေ့ရှိတာကြောင့် အဝေးကွင်းကစားရမဲ့အသင်းကြီးတွေအနေနဲ့ အသင်းငယ်တွေကို လျှော့တွက်လို့တော့မရပါဘူး။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ ကစားသမားအင်အားတောင့်တင်းပြီး ထိပ်တန်းအဆင့်ကစားသမားတွေပိုင်ဆိုင်ထားတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

**ဆီနီဂေါအသင်း အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ အာဖရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲတွေထဲက အကြိုက်တွေ့တာကတော့ မော်ရစ်တေးနီးယားနဲ့ ဆီနီဂေါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အာဖရိကဇုန်ခြေစစ်ပွဲအုပ်စု(B)မှာ ဆူဒန်၊ ဒီအာကွန်ဂို၊ တိုဂို၊ တောင်ဆူဒန်အသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ မော်ရစ်တေးနီးယားဟာ လက်ရှိခြေစစ်ပွဲနှစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ်တစ်မှတ်ပဲရခဲ့တာကြောင့် အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး ခြေစစ်ပွဲအောင်မြင်ဖို့ခက်ခဲသွားတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့လို့ အခုပြိုင်ပွဲမှာနိုင်ပွဲမရသေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အာဖရိကဖလားပြိုင်ပွဲမှာတော့ အယ်ဂျီးရီးယားလို ခြေစွမ်းထက်မြက်တဲ့အသင်းကို အနိုင်ယူပြီး ရှုံးထွက်အဆင့်တက်ရောက်ခဲ့ပေမဲ့ ရှုံးထွက်အဆင့်မှာ ကိတ်ဗာဒီကိုရှုံးခဲ့လို့ ပြိုင်ပွဲက ထွက်ခွာခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိကစားသမားစုဖွဲ့အနေနဲ့ ဥရောပကလပ်အသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားအများစုပါဝင်နေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာတော့ တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်က သုံးဂိုးပဲသွင်းယူနိုင်ခဲ့တာကြောင့် ဆီနီဂေါခံစစ်ကိုကျော်ဖြတ်ဖို့ အခက်တွေ့နိုင်ပြီး ရှုံးကန်ရဖို့များပါတယ်။

ဆီနီဂေါအသင်းဟာ အာဖရိကမှာ အောင်မြင်မှုရနေတဲ့ အသင်းတစ်သင်းဖြစ်ပြီး ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစစ်ပွဲအဖွင့်ပွဲစဉ်မှာ တောင်ဆူဒန်ကို လေးဂိုးဂိုးမရှိနဲ့အနိုင်ကစားနိုင်ခဲ့ပြီး ဒုတိယပွဲမှာတော့ တိုဂိုအသင်းကို သရေရလဒ်ကစားခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပေမဲ့ ဒုတိယနေရာကဆူဒန်နဲ့ ရမှတ်တူနေတာကြောင့် အခုပွဲစဉ်မှာနိုင်ပွဲရမှပဲ တိုက်ရိုက်ဝင်ခွင့်သေချာမှာဖြစ်ပါတယ်။ ဆီနီဂေါကစားသမားတွေကတော့ ဥရောပကလပ်မှာ ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် ပြိုင်ဘက်မရွေး ယှဉ်ပြိုင်နိုင်စွမ်းရှိသလို အဆုံးအဖြတ်ပွဲတွေမှာလဲ တိုက်စစ်က ပုံမှန်ဂိုးသွင်းယူနိုင်တဲ့အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အာဖရိကဖလားပြိုင်ပွဲမှာတော့ ရှုံးပွဲမရှိနဲ့ အုပ်စုကကျော်ဖြတ်ခဲ့ပေမဲ့ ၁၆ သင်းအဆင့်မှာ အိုင်ဗရီကို့စ်ကို သရေရလဒ်သာကစားနိုင်ခဲ့ပြီး ပင်နယ်တီမှာရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခွာခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီနောက် ခြေစစ်ပွဲနှစ်ပွဲမှာတော့ ဂါဘွန်၊ ဘီနင်တို့လိုအသင်းတွေကိုအနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဆီနီဂေါဟာ မော်ရစ်တေးနီးယားနဲ့ယှဉ်ရင် အတွေ့အကြုံပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းသာလွန်နေတာကြောင့် ရမှတ်လိုအပ်နေတဲ့ ဆီနီဂေါအသင်းပဲ အနိုင်ရမှာပါ။

**မော်ရစ်တေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မော်ရစ်တေးနီးယား | ၁ | - | ၀ | အယ်ဂျီးရီးယား |
| ကိတ်ဗာဒီ | ၁ | - | ၀ | မော်ရစ်တေးနီးယား |
| မာလီ | ၂ | - | ၀ | မော်ရစ်တေးနီးယား |
| မော်ရိုကို | ၀ | - | ၀ | မော်ရစ်တေးနီးယား |
| မော်ရစ်တေးနီးယား | ၀ | - | ၂ | ဆူဒန် |

**ဆီနီဂေါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီနီဂေါ | ၃ | - | ၁ | ကင်မရွန်း |
| ဂီနီယာ | ၀ | - | ၂ | ဆီနီဂေါ |
| ဆီနီဂေါ | ၁ | - | ၁ | အိုင်ဗရီကို့စ် |
| ဆီနီဂေါ | ၃ | - | ၀ | ဂါဘွန် |
| ဆီနီဂေါ | ၁ | - | ၀ | ဘီနင် |

**ဒီအာကွန်ဂိုအသင်းကို ရွေးရမှာပါ**

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဒီအာကွန်ဂိုနဲ့ တိုဂိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီအာကွန်ဂိုအသင်းဟာ ခြေစစ်ပွဲနှစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ်သုံးမှတ်ရခဲ့တာကြောင့် အဆင့် (၃)မှာရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ အုပ်စု(B)မှာ တိုက်ရိုက်ဝင်ခွင့်ရဖို့ခက်ခဲနိုင်ပေမဲ့ ဒုတိယနေရာနဲ့ဝင်ခွင့်ရဖို့အတွက် ဆူဒန်အသင်းနဲ့ယှဉ်ပြိုင်ရမှာဖြစ်လို့ အခုအိမ်ကွင်းကိုအနိုင်ကစားမှပဲအခွင့်အရေးရရှိမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဥရောပထိပ်သီးကလပ်တွေမှာကစားနေတဲ့ ဝစ်ဆာ၊ ကာလူလူ၊ ဆက်ဆူယာကူ၊ ဘမ်ဘာတို့လို ကစားသမားတွေရှိနေတာကြောင့် ပြီးခဲ့တဲ့အာဖရိကဖလားပြိုင်ပွဲမှာ အီဂျစ်၊ ဂီနီယာတို့ကိုကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာ အိုင်ဗရီကို့စ်ကိုရှုံးနိမ့်ခဲ့တာကြောင့် စတုတ္ထအဆင့်နဲ့ အဆုံးသတ်ခဲ့ရပေမဲ့ အာဖရိကဖလားသမိုင်းမှာ အောင်မြင်မှုပြန်ရခဲ့တာကို တွေ့ရမှာပါ။

တိုဂိုအသင်းဟာ အာဖရိကဖလားခြေစစ်ပွဲ မအောင်မြင်ခဲ့တာကြောင့် ပါဝင်ကစားခွင့်မရခဲ့ပါဘူး။ သူတို့အသင်းအနေနဲ့ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လေ့ရှိပေမဲ့ ခံစစ်အားပြုကစားတာကြောင့် အသင်းကြီးတွေတောင် ဂိုးရဖို့ခက်ခဲခဲ့တာကိုတွေ့ရမှာပါ။ ခြေစစ်ပွဲသုံးပွဲအပြီးမှာတော့ ဆူဒန်အသင်းကို အဝေးကွင်းမှာ တစ်ဂိုးသရေ၊ ဆီနီဂေါကို အိမ်ကွင်းမှာ ဂိုးမရှိသရေ၊ တောင်ဆူဒန်အသင်းကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေကစားနိုင်ခဲ့တာကြောင့် သုံးပွဲကစားအပြီးမှာ ရမှတ်သုံးမှတ်နဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ ခံစစ်ကစားပုံကောင်းပေမဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပိုင်းအားနည်းချက်က ပွဲချိန်ကြာလာတာနဲ့ဂိုးပေးခဲ့ရလို့ ရမှတ်တွေဆုံးရှုံးခဲ့တယ်လို့ဆိုရမှာပါ။ တိုဂိုရဲ့ ကစားသမားအစုအဖွဲ့ကတော့ နိုင်ငံတွင်းကစားသမားတွေများနေတာကြောင့် အတွေ့အကြုံပိုင်းအားနည်းချက်တွေရှိနေလို့ ဒီအာကွန်ဂိုလို အိမ်ကွင်းကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ခဲမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာလဲ ဒီအာကွန်ဂိုက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး တိုက်စစ်က ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းကစားပုံထက်မြက်တဲ့ ဒီအာကွန်ဂိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဒီအာကွန်ဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တန်ဇန်းနီးယား | ၀ | - | ၀ | ဒီအာကွန်ဂို |
| အီဂျစ် | ၁ | - | ၁ | ဒီအာကွန်ဂို |
| ဒီအာကွန်ဂို | ၃ | - | ၁ | ဂီနီယာ |
| အိုင်ဗရီကို့စ် | ၁ | - | ၀ | ဒီအာကွန်ဂို |
| တောင်အာဖရိက | ၀ | - | ၀ | ဒီအာကွန်ဂို |

**တိုဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုဂို | ၃ | - | ၂ | ကိတ်ဗာဒီ |
| ဆူဒန် | ၁ | - | ၁ | တိုဂို |
| တိုဂို | ၀ | - | ၀ | ဆီနီဂေါ |
| တိုဂို | ၁ | - | ၁ | လစ်ဗျား |
| တိုဂို | ၁ | - | ၁ | တောင်ဆူဒန် |

**တူနီးရှားအသင်း ရလဒ်ကောင်းမှာပါ**

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ နမီးဘီးယားနဲ့ တူနီးရှားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းကတော့ ခြေစစ်ပွဲအုပ်စု(H)မှာ မာလဝီ၊ လိုက်ဘေးရီးယား၊ အီကွေတိုရီရယ်ဂီနီယာ၊ ဆာအိုတိုမီအသင်းတို့နဲ့ယှဉ်ပြိုင်ကစားတာကို တွေ့ရမှာပါ။ ဒီအုပ်စုမှာတော့ တူနီးရှားက တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့သေချာနေပြီး ဒုတိယနေရာအတွက် နမီးဘီးယားနဲ့မာလဝီတို့ ယှဉ်ပြိုင်ရဖို့များပါတယ်။ တူနီးရှားဟာ ဥရောပကလပ်တွေမှာခြေစွမ်းပြနေတဲ့ ကစားသမားတွေပိုင်ဆိုင်ထားတာကြောင့် ခြေစစ်ပွဲသုံးပွဲမှာ ဆာအိုတိုမီကို လေးဂိုးဂိုးမရှိ၊ မာလဝီကို တစ်ဂိုးဂိုးမရှိ၊ အီကွေတိုရီရယ်ကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ပေးဂိုးမရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အာဖရိကဖလားပြိုင်ပွဲမှာ အုပ်စုကထွက်ခွာခဲ့ရပြီးနောက်ပိုင်း ခံစစ်ပိုင်းကို ပိုမိုပြင်ဆင်လာခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ ခံစစ်ပိုင်းက ပေးဂိုးမရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြအနေနဲ့ အခုပွဲစဉ်မှာ တိုက်စစ်ကစားပုံကို ပြင်ဆင်နိုင်ခဲ့မယ်ဆိုရင်တော့ နမီးဘီးယားကို ဂိုးရရှိဖို့လွယ်ကူနိုင်မှာဖြစ်ပြီး ခံစစ်အားပြုကစားခဲ့ရင်တော့ ရမှတ်ခွဲယူရဖို့များပါတယ်။

နမီးဘီးယားဟာ ကမ္ဘာ့အဆင့်(၁၀၆)မှာရှိနေပြီး အဆင့်(၄၁)မှာရှိနေတဲ့ တူနီးရှားနဲ့ဆို ကမ္ဘာ့အဆင့်ကွာခြားနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်က သွင်းဂိုးနှစ်ဂိုးပဲရခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်သုံးပွဲကစားခဲ့ရာမှာတော့ အီကွေတိုရီရယ်အသင်းကို သုံးဂိုးဂိုးမရှိ၊ ဆာအိုတိုမီအသင်းကို နှစ်ဂိုးဂိုးမရှိကစားနိုင်ခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ခြေစစ်ပွဲမှာတော့ လိုဘာရီယားအသင်းကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်ပဲကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သုံးပွဲကစားအပြီး ရမှတ် ခုနစ်မှတ်နဲ့ တူနီးရှားကို ဒုတိယနေရာကနေ ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်ရိုက်ဝင်ခွင့်ရဖို့ နှစ်သင်းစလုံးနိုင်ပွဲလိုအပ်နေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအစဉ်အလာပိုင်းမှာ တူနီးရှားက နမီးဘီးယားထက်သာနေတာကို တွေ့ရမှာပါ။ ဒါကြောင့် တိုက်ရိုက်ဝင်ခွင့်သေချာဖို့ မဖြစ်မနေနိုင်ပွဲရှာဖို့ကြိုးစားလာမဲ့ တူနီးရှားအသင်းပဲ ရလဒ်ကောင်းမှာပါ။

**နမီးဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူနီးရှား | ၀ | - | ၁ | နမီးဘီးယား |
| တောင်အာဖရိက | ၄ | - | ၀ | နမီးဘီးယား |
| နမီးဘီးယား | ၀ | - | ၀ | မာလီ |
| အန်ဂိုလာ | ၃ | - | ၀ | နမီးဘီးယား |
| နမီးဘီးယား | ၁ | - | ၁ | လိုက်ဘေးရီးယား |

**တူနီးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူနီးရှား | ၁ | - | ၁ | မာလီ |
| တောင်အာဖရိက | ၀ | - | ၀ | တူနီးရှား |
| တူနီးရှား | ၀ | - | ၀ | ခရိုအေးရှား |
| နယူးဇီလန် | ၀ | - | ၀ | တူနီးရှား |
| တူနီးရှား | ၁ | - | ၀ | အီကွေတိုရီရယ် |







## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၂၃၂၊ ပင်နီပင်၊ ဦးပိုင်အမှတ်(၃၀၁)မြေကွက်ပေါ်တွင် ဦးအောင်ထွန်းဦး(၉/မခန(နိုင်)၂၂၅၁၈၆)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"၊ အနံ ၃၀'-၀")၊ RC-၁ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)၊ တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် H-1 မြေကွက်ပေါ်တွင် ဒေါ်နွယ်နွယ်ချို(၉/မခန(နိုင်)၀၄၆၃၉၆) ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"၊ အနံ ၂၅'-၀")၊ RC-၁ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

မန္တလေးမြို့၊ ပင်မ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10တွင် ပညာသင်ကြားနေသော ဦးအောင်အောင်အောင်ဦး ၏သား မောင်ကောင်းဆက်ကိုကို အား ယနေ့မှစ၍ မောင်ဉာဏ်လင်းခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဉာဏ်လင်းခန့်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပျဉ်မကြီးကျေးရွာ၊ အ.မ.က Grade-5 တွင် ပညာသင်ကြားနေသော မကျော့မူယာရွှေ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်ရွှေ ဖြစ်ပါကြောင်း။

**ဦးညွန့်ရွှေ (၉/ကပတ(နိုင်) ၁၄၆၀၄၉)**

## ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နယ်နေ မခင်အိအိကျော်(ဘ)ဦးသန်းစိုး(၁၄/လပတ(နိုင်)၁၇၇၁၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-972592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၈၁၈၄၈၀၁**

## ဓမ္မ သတိပြု

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ အ.ထ.က(စဥ့်ကိုင်)၊ ကျောင်းဝင်အမှတ်(၂၃၇၈)၊ Grade-6(B)ခန်းတွင် ပညာသင်ကြားနေသော မောင်ပြည့်စုံမြင့်မြတ် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဇော်လင်း ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်လင်း(၉/စကတ(နိုင်)၀၈၉၀၇၇)**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ထွန့်ခေါင်မြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ဦးကျော်မျိုးဦး ၏သမီး Grade-8 မှ မထူးမြတ်မွန်ကျော် အား မမျိုးမြတ်မြတ်ဟိန်း ဟုလည်းကောင်း၊ Grade-3 မှ မောင်မျိုးမြတ်ကျော်ခေါင် အား မောင်မျိုးမြတ်စံဟိန်း ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမျိုးမြတ်မြတ်ဟိန်း**
**မောင်မျိုးမြတ်စံဟိန်း**

## စာအုပ်စာပေ လှူမိတ်ဆွေ

## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ်...

❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှ ရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ခြင်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင် အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင်ပြုလုပ်ခြင်းဖြစ်၊ အဖျက်သမားများကို လူထုအားဖြင့် ဆန့်ကျင်ရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

